# ကြေးမုံ
# The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ ကြာသပတေးနေ့။ Thursday, 27 February 2025 ၁၁၇၄၆


**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဌ်မြုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်မှ အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ခရိုင်ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

**အာဟာရသည် ကလေးဘဝမှစ၍ အသက်အရွယ်ကြီးသူများအထိ ကျန်းမာရေးကိုထောက်ပံ့ပေးခြင်းနှင့် အန္တရာယ်ရှိသောအပြုအမူများမှ ကာကွယ်ပေးခြင်း**

ဆောင်းပါး စာမျက်နှာ » ၆

**ဓာတုဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် ဓာတုဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ ၁၆၊ ၁၇ နှင့် ၁၈ တွင် ဖော်ပြထားပါသည်။

ကြေးမုံ

# နိုင်ငံပိုင်သယံဇာတများကိုကာကွယ် ဥပဒေမဲ့ပြုလုပ်မှုများကိုတိုက်ဖျက်

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက် တွင်းထွက်သယံဇာတပစ္စည်းများ ပေါများကြွယ်ဝသောနိုင်ငံဖြစ်သည်။ ရွှေ၊ ငွေ၊ ကြေးနီ၊ သွပ်၊ သံ၊ ရေနံ၊ အဖြိုက်နက်၊ သစ်တောသစ်ပင်များအပါအဝင် တွင်းထွက်ကျောက်မျက်ရတနာများ များစွာထွက်ရှိသည်။ အဆိုပါပစ္စည်းများသည် နိုင်ငံတော်ပိုင်ဖြစ်သည်။ နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိသယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားသည်။

အဆိုပါ သဘာဝသယံဇာတပစ္စည်းများအားလုံးကို နိုင်ငံတော်က သယံဇာတပစ္စည်းများအလိုက် ဥပဒေများပြဋ္ဌာန်းပေးထားပြီး ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ သက်ဆိုင်ရာနိုင်ငံပိုင်အဖွဲ့အစည်းများက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ စနစ်တကျလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ သဘာဝသယံဇာတပစ္စည်းများ ထုတ်လုပ်ရောင်းချမှုမှရရှိသည့်ငွေကြေးများကို နိုင်ငံတော်၏ဘဏ္ဍာငွေစာရင်းသို့ ထည့်သွင်းပြီး နိုင်ငံအကျိုးပြုရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အများပြည်သူအကျိုးစီးပွားဖြစ်ထွန်းရေးတို့အတွက် စနစ်တကျခွဲဝေကာ အလေအလွင့်မရှိစေဘဲ အကျိုးရှိစွာအသုံးပြုလျက်ရှိသည်။

ထို့ပြင် နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့်ဥပဒေပြဋ္ဌာန်းရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်နှင့်အညီ နိုင်ငံပိုင်သယံဇာတပစ္စည်းများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများလည်း ပြဋ္ဌာန်းထားပြီး သယံဇာတထုတ်ယူခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ခွင့်ပြုထားသည်။ နိုင်ငံသားများအတွက် ပုဂ္ဂလိကလုပ်ကိုင်ခွင့်များ၊ ဖက်စပ်လုပ်ကိုင်ခွင့်များ၊ နိုင်ငံခြားသားများအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ကိုင်ခွင့်ဥပဒေများနှင့်အညီ စနစ်တကျလုပ်ကိုင် ဆောင်ရွက်ခွင့်ပြုပေးလျက်ရှိသည်။

သို့ရာတွင် နိုင်ငံတော်အတွင်းရှိ ဒေသအချို့၌ လက်ရှိဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများ၊ လက်နက်ကိုင်သောင်းကျန်းမှုများကို အခွင့်ကောင်းယူလျက် အကြမ်းဖက်သောင်းကျန်းသူများအပါအဝင် မတော်လောဘစီးပွားရေးသမားများက နိုင်ငံပိုင်သယံဇာတပစ္စည်းများကို ဥပဒေမဲ့ခိုးထုတ်ရောင်းချနေကြသည်ကို တွေ့ရသည်။ အကြမ်းဖက်သောင်းကျန်းသူများသည် နယ်မြေဒေသအချို့ကို တိုက်ခိုက်၍ အဆိုပါဒေသများမှထွက်ရှိသော သယံဇာတပစ္စည်းအမျိုးမျိုးတို့သာမက မူးယစ်ဆေးဝါးများဖြင့်ပါ ကိုယ်ကျိုးစီးပွားရှာဖွေပြီး ငွေကြေးတောင့်တင်းလာကာ လူသူလက်နက်အင်အားကြီးထွားလာအောင် လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။

အကြမ်းဖက်နှင့်လက်နက်ကိုင်သောင်းကျန်းသူများ၏ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ပြုလုပ်နေမှုများကိုအကြောင်းပြု၍ မတော်လောဘ စီးပွားရေးသမားများက နိုင်ငံပိုင်သယံဇာတများကို ဥပဒေမဲ့ခိုးထုတ်ပြီး အကြမ်းဖက်အုပ်စုများကို ထောက်ပံ့ခြင်း၊ လက်နက်ကိုင်သောင်းကျန်းသူများအား ထောက်ပံ့ခြင်းများကို ပြုလုပ်နေကြောင်း သိရှိရသည်။ ထိုသို့ မတော်လောဘဖြင့် နိုင်ငံပိုင်သယံဇာတပစ္စည်းများကို ဥပဒေမဲ့ခိုးထုတ်ရောင်းချကြရာတွင် ဥပဒေကို မသိနားမလည်သည့်အပြင် ဆင်းရဲနွမ်းပါးသည့် ဒေသခံတိုင်းရင်းသား ပြည်သူများကို လုပ်ခငွေကြေးများပေးပြီး ဆွဲဆောင်စည်းရုံးကာ အလုပ်လုပ်ကိုင်စေလျက်ရှိသည်။

နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်လုံခြုံရေးအဖွဲ့အစည်းများသည် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်ပြုလုပ်ပြီး အကြမ်းဖက်မှုများ၊ ဒုစရိုက်မှုများလုပ်ကိုင်နေသည့် အကြမ်းဖက်သမားများနှင့် လက်နက်ကိုင်သောင်းကျန်းသူများကို စွန့်လွှတ်စွန့်စားမှုများစွာဖြင့် မျက်ခြည်မပြတ်တိုက်ခိုက်နှိမ်နင်းလျက်ရှိသည်။ အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းရာနေရာဒေသအချို့တွင် မတော်လောဘသားများနှင့်၎င်းတို့စေခိုင်းသည့် မသိနားမလည်သော ဒေသခံတိုင်းရင်းသားပြည်သူများသည် သယံဇာတပစ္စည်းများကို ဥပဒေမဲ့တရားမဝင်လုပ်ကိုင်နေကြသည်။ ယင်းသို့ လုပ်ကိုင်ကြခြင်းသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုကို အားပေးအားမြှောက်ပြုလုပ်ခြင်းဖြစ်၍ ယင်းကဲ့သို့ ဥပဒေမဲ့ခိုးထုတ်မှုများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် အထူးသတိပြုရန်လိုအပ်ပါသည်။

ထိုကဲ့သို့ မတော်လောဘဖြင့် နိုင်ငံပိုင်သယံဇာတပစ္စည်းများကို ဥပဒေမဲ့လုပ်ကိုင် တရားမဝင်ခိုးထုတ်နေကြပြီး အကြမ်းဖက်အုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများအား ထောက်ပံ့ပေးနေသည့်လုပ်ရပ်များကို နိုင်ငံတော်အနေဖြင့် ရှာဖွေစိစစ်ဖော်ထုတ်၍ လိုအပ်သလို အရေးယူတိုက်ဖျက်ဆောင်ရွက်သွားမည်ဟု သိရသည်။ သို့ဖြစ်ရာ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဥပဒေမဲ့သယံဇာတပစ္စည်းများ ခိုးထုတ်နေသည့်လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နေခြင်းကို အထူးသတိပြုပြီး ယင်းလုပ်ရပ်များအား တိုက်ဖျက်နှိမ်နင်းသည့်အခါ မပါဝင်အောင် ရှောင်ရှားကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားသည်ကို လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိက လုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဖေဖော်ဝါရီ ၂၇ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမှနေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ၂၆ - ၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၅၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၆ - ၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၂၀၀ | ၃၅၁ | ၂,၅၅၈,၄၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၇၀၂ | ၂,၀၇၄,၈၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၁၀ | ၈၀,၀၀၀ |
| FPB | ၁,၉၀၀ | ၁,၉၅၀ | ၁၀၃ | ၁၉၅,၇၅၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၆ | ၁၇,၁၀၀ |
| EFR | ၁,၆၀၀ | ၁,၆၀၀ | ၁,၀၃၃ | ၁,၆၀၂,၈၀၀ |
| AMATA | ၃,၉၀၀ | ၃,၉၀၀ | ၁၇ | ၆၆,၃၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၁၉၀ | ၆၁၇,၅၀၀ |
| MADPL(PLB) | ၂,၉၅၀ | ၂,၉၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအပေါ်ချီးမြှင့်သည့် စွမ်းဆောင်မှုနှင့် လွှမ်းခြုံမှုအကောင်းဆုံး တတိယဆုရရှိသည့် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအပေါ်ချီးမြှင့်သည့် စွမ်းဆောင်မှုနှင့် လွှမ်းခြုံမှုအကောင်းဆုံး အထူးဆုရရှိသည့် ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌအား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ ရွှေဖုံးမှ

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာဖြင့် ထဲထဲဝင်ဝင် အစဉ်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရေးဆွဲခဲ့သည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃ - ၂၀၃၂)၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံအမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကင်းဝေးလျော့ကျရေး၊ သဘာဝဘေးနှင့်



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး စွမ်းဆောင်မှုအကောင်းဆုံးတတိယဆုရရှိသည့် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

အရေးပေါ် အခြေအနေများအပေါ် ပံ့ပိုးဆောင်ရွက်ပေးရေး၊ အမျိုးသမီးများစွမ်းဆောင်ရည် မြင့်မားလာစေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အမျိုးသမီးများ၏ ဘဝရပ်တည်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဏ္ဍများတွင်သာမက နိုင်ငံတကာနှင့် ဒေသတွင်း အမျိုးသမီးအရေးဆိုင်ရာ ကိစ္စရပ်များတွင်လည်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိရပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ကျား၊မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်နေသည့် နိုင်ငံတကာကတိကဝတ်များ၊ အာဆီယံလုပ်ငန်းစဉ်များတွင်လည်း အတူပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိရပြီး ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားစေရန်နှင့် ဝင်ငွေရအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၁ ကျောင်း ဖွင့်လှစ်ထားရှိပြီး ကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ ထို့ပြင် သဘာဝဘေး၊ လူကြောင့်ဖြစ်သည့်ဘေးဖြစ်ပွားရာ ဒေသများတွင်ရှိသည့် ယာယီခိုလှုံရေးစခန်းနှင့် IDP Camp များမှ ပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း လုပ်ငန်းအစီအစဉ်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဧပြီလမှ ဇန်နဝါရီလအထိ အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းသင်တန်းများကို ၁၇၆ ကြိမ်၊ သင်တန်းတက်ရောက်သူ ၄၂၂၂ ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပြီး ၅၉၄ ဦးကို အလုပ်အကိုင် ချိတ်ဆက်ပေးနိုင်ခဲ့ပါကြောင်း။

အမျိုးသမီးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ အမျိုးသမီး အဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများအားလုံး ပူးပေါင်း ဆောင်ရွက်နိုင်မှုသည် အရေးကြီးသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ ရင်ဆိုင်တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အားလုံးဝိုင်းဝန်းပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင်လည်း အားလုံးတက်ကြွစွာ ပါဝင်ဆွေးနွေးပြီး ကောင်းမွန်သည့် ရလဒ်ကောင်းများ ရရှိကြပါစေကြောင်း ပြောကြားသည်။ **စာမျက်နှာ ၄ သို့** ☆



ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လွှမ်းခြုံမှုအကောင်းဆုံး ပထမဆုရရှိသည့် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၃ မှ

ထို့နောက်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် လှုပ်ရှားမှု မှတ်တမ်းဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအပေါ် ချီးမြှင့်သည့် စွမ်းဆောင်မှုနှင့် လွှမ်းခြုံမှုအကောင်းဆုံး ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် အထူးဆုရရှိသည့် ကချင်ပြည်နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ငြေး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက များနှင့် ဥက္ကဋ္ဌတို့က စွမ်းဆောင်မှုအကောင်းဆုံး ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ ဂုဏ်ပြုဆု၊ အထူးဆုနှင့် လွှမ်းခြုံမှုအကောင်းဆုံး ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ အထူးဆုနှင့် ချီးမြှင့်ပံ့ပိုးမှုဆုတို့ ရရှိကြသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့တို့မှ ဥက္ကဋ္ဌများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က အမှာစကားပြောကြားသည်။

**နှစ်ရက်တာ ကျင်းပမည်**

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ(၁)တို့က သဘာပတိအဖြစ် ဆောင်ရွက်ကာ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့များမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြရာ တင်ပြချက်များအပေါ် သဘာပတိများက ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ကြကြောင်းနှင့် အဆိုပါ နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်ဖွင့်လှစ်သည့် ဟိုင်းကြီးကျွန်းမြို့ သံကြိုးလမ်းကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနား တက်ရောက်



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးတို့က ဟိုင်းကြီးကျွန်းမြို့ သံကြိုးလမ်းကျေးရွာ ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

**ပုသိမ် ဖေဖော်ဝါရီ ၂၆**

(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျောက်ချောင်းကျေးရွာအုပ်စု သံကြိုးလမ်းကျေးရွာတွင် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးတို့သည် လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ ယင်းနောက် ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါလမ်းသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့် ဆောင်ရွက်သောလမ်းဖြစ်ပြီး လမ်းအရှည် ပေ ၁၀၅၀၊ အကျယ် ၁၀ ပေနှင့် ဒုခြောက်လက်မရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ကျောက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ တက္ကသိုလ်ဝင် စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လူငယ်များသည် အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့်သူများ ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ဝီရိယထားကြိုးစားအားထုတ်ပါက အောင်မြင်မှုများ ရရှိမည်ဖြစ်ပါကြောင်း၊ မိမိကိုယ်မိမိ ယုံကြည်ချက်ခိုင်မာစွာထားရှိပြီး အောင်စိတ်မွေးရမည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၏ လိုအပ်ချက်များ တင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ကျောက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ရင်ခွင်ဦးဆောင်တွင် စဉ်ဆက်ပညာရေးလုပ်ငန်းအဖြစ် ကျေးလက်နေ တိုင်းရင်းသားပြည်သူများအား စာပေသင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ **သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကျောက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# ရန်ကင်းမြို့နယ်၌ မီးငြိမ်းသတ်ရေး သရုပ်ပြဆောင်ရွက်



**ရန်ကင်း ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်းနှင့် ရှေးဦးလက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြမှုများကို ယနေ့နံနက် ၁၀ နာရီက ဆောင်ရွက်သည်။

**လေ့ကျင့်ဆောင်ရွက်**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းလတ်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးထိန်လင်းက မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်း၊ မီးလောင်မှုအမျိုးအစားများ၊ မီးငြိမ်းသတ်ခြင်းအမျိုးအစားများ၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများ မီးဘေးလုံခြုံရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများအား ရှေးဦးမီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြမှုများကို လေ့ကျင့်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းလတ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းအင်အား စုစုပေါင်း ၃၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **လှလှထွေး**

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## လူငယ်အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် ရရှိလာသည့်အတွေ့အကြုံကောင်းများကို နိုင်ငံ့အကျိုး၊ အများပြည်သူအကျိုးကို တတ်စွမ်းသမျှ သယ်ပိုးဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် မြန်မာလူငယ် ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ ပူးပေါင်းကျင်းပပြုလုပ်သည့် လူငယ်အလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပသည်။



**တက်ရောက်**

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း(MYDA) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လူငယ်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပါဝင်ဆွေးနွေးကြမည့် လူငယ်မောင်မယ်များအနေဖြင့် မိမိတို့ကျွမ်းကျင်သည့် ဘာသာရပ်များအလိုက် အသိပညာများ၊ အတတ်ပညာများ၊ မှတ်သားလေ့လာခဲ့သည့် ပညာဗဟုသုတနှင့် ရသစာပေများကို အချင်းချင်း မျှဝေပြီး ၂၁ ရာစု ဗလငါးတန်ဖြစ်သည့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်မှုကို ထိန်းသိမ်းနိုင်သည့် အရည်အသွေး (PQ)၊ မတူကွဲပြားသည့် ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်းများကို နားလည်လက်ခံနိုင်သည့် အရည်အသွေး(CQ)၊ ဘဝရှင်သန်နေထိုင်ခြင်း၏ ရည်ရွယ်ချက်ကို သိရှိလိုက်နာနိုင်သည့် အရည်အသွေး(SQ)၊ စိတ်နှလုံးခံစားမှု အရည်အသွေး(EQ)၊ ဉာဏ်ရည်ဉာဏ်သွေး(IQ)များနှင့် ပြည့်စုံသည့် လူငယ်မောင်မယ်များ ဖြစ်လာနိုင်မည် ဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲမှတစ်ဆင့် ရရှိလာသည့် အတွေ့အကြုံကောင်းများကို လေ့လာမှတ်သား၍ နိုင်ငံ့အကျိုး၊ အများပြည်သူအကျိုးကို တတ်စွမ်းသမျှ သယ်ပိုးဆောင်ရွက်ပြီး ဗလငါးတန်ပြည့်မာန်ဖြင့် အနာဂတ်ပွဲကိုင်ရှင်များ၊ ဖွံ့ဖြိုးတိုးတက်သည့် လူ့အဖွဲ့အစည်းကို ဖန်တီးပုံဖော်ရာတွင် ပါဝင်နိုင်သူများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားပြီး မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MYDA) ဥက္ကဋ္ဌက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို "Building a Resilient and Innovative Future"ခေါင်းစဉ်ဖြင့် ကျင်းပပြီး လူငယ်နှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ခရီးသွားကဏ္ဍ မြှင့်တင်ခြင်း၊ ပိုမိုကောင်းမွန်သော အနာဂတ်အတွက် သင်ယူမှုအသစ်များ လေ့လာခြင်း၊ ပညာရေးမှတစ်ဆင့် လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ ဆန်းသစ်တီထွင်ခြင်း ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို လူငယ်များက ဦးဆောင်အဖြေရှာခြင်း၊ လူငယ်များ၏ အင်အားဖြင့် ပူးပေါင်းဆောင်ရွက်သည့် အလေ့အထဖန်တီးခြင်း၊ အောင်မြင်မှုအတွက် ကျွမ်းကျင်မှုများ၊ ရေရှည်ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုဖြင့် စည်းလုံးညီညွတ်မှုတို့ကို စာနာနားလည်မှုစိတ်ဓာတ်ဖြင့် တည်ဆောက်ခြင်းနှင့် အုပ်စုလိုက်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကာ လူငယ်အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ကို ရုပ်သိမ်းလိုက်သည်။

လူငယ်အလုပ်ရုံ ဆွေးနွေးပွဲ ပထမနေ့မှ လူငယ်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးခြင်းကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ဆက်လက်ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ ခိုင်ခိုင်စိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၂) | ဦးခင်မောင်လှိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်<br>ကူးသန်းရောင်းဝယ်ရေး<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်<br>ကူးသန်းရောင်းဝယ်ရေး<br>ဝန်ကြီးဌာန |
| (၃) | ဒေါက်တာ သန့်စင်အေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသား<br>ဘာသာစကားဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသား<br>ဘာသာစကားဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၄) | ဒေါက်တာ မြသန္တာ<br>ဒုတိယပါမောက္ခချုပ်<br>မိတ္ထီလာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မိတ္ထီလာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။

## သရက်ချောင်းမြို့နယ် မော်ရှည်ကုန်း-အတွင်းကဇီကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

ထားဝယ် ဖေဖော်ဝါရီ ၂၆

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်နေပြည်သူများအတွက် မော်ရှည်ကုန်း-အတွင်းကဇီကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊ ဦးစီးအရာရှိ(မြို့ပြ)နှင့် လုပ်ငန်းခွင်အရည်အသွေးထိန်းသိမ်းရေးအဖွဲ့(ရုံးချုပ်)မှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ကျေးလက်နေပြည်သူများအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မော်ရှည်ကုန်း-အတွင်းကဇီကျေးရွာချင်းဆက်လမ်း(၁/၁) မိုင်ကျောက်လမ်းအား Box Culvert နှစ်စင်း တည်ဆောက်ခြင်းနှင့် အကျယ် ၁၂ ပေ၊ ဒု ခုနစ်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**



# အာဟာရသည် ကလေးဘဝမှစ၍ အသက်အရွယ်ကြီးသူများအထိ ကျန်းမာရေးကို ထောက်ပံ့ပေးခြင်းနှင့် အန္တရာယ်ရှိသောအပြုအမူများမှ ကာကွယ်ပေးခြင်း

**အာဟာရသည် ကလေးဘဝမှစ၍ အသက်အရွယ်ကြီးသည်အထိ ကျန်းမာစွာနေထိုင်နိုင်ခြင်းနှင့် ရောဂါများကာကွယ်ပေးခြင်းတို့အတွက် အရေးကြီးသော အခန်းကဏ္ဍတစ်ခုပင်ဖြစ်ပါသည်။ အာဟာရမျှတစွာရရှိပါက ခန္ဓာကိုယ်၏အလုပ်လုပ်ဆောင်မှုများကို ထောက်ပံ့ပေးပြီး သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အဝလွန်ရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ စသည့်မကူးစက်နိုင်သောရောဂါများကို ကာကွယ်ပေးသည်။**

ရတနာ(သုတေသီ)

အာဟာရမျှတမှုမရှိသည့်အပြင် ကိုယ်လက်လှုပ်ရှားမှုနည်းပါးပါက မကူးစက်နိုင်သော ရောဂါများဖြစ်ပွားနိုင်ခြေ ပိုမိုများပြားမည်ဖြစ်သည်။ အာဟာရမျှတစွာ စားသုံးပါက ကိုယ်ကာယဖွံ့ဖြိုးတိုးတက်မှုနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု၊ ဆုံးဖြတ်ချက်ချနိုင်စွမ်းတို့ကို အထောက်အကူပြုနိုင်စေရုံမက စိတ်ဖိစီးမှုများ၊ စိတ်မထိန်းချုပ်နိုင်မှုများကိုလည်း လျော့ကျစေနိုင်ပါသည်။ အာဟာရမျှတစွာ စားသုံးပြီး ကျန်းမာသောစားသောက်မှုပုံစံဖြင့် လေ့ကျင့်စားသုံးပါက ကျန်းမာရေးဆိုင်ရာ အန္တရာယ်ရှိသည့် အပြုအမူများပြုလုပ်ခြင်းကို ကာကွယ်ပေးနိုင်သည့်အပြင် ခန္ဓာကိုယ်အလေးချိန်ကိုလည်း ထိန်းသိမ်းစေနိုင်ပါမည်။

## ကလေးများနှင့် လူငယ်များအတွက် အာဟာရ

မိခင်ဝမ်းတွင်းသန္ဓေသားဘဝမှစ၍ အသက်နှစ်နှစ်အရွယ်အထိ ပထမရက် ၁၀၀၀ သည် ကလေးငယ်များအတွက် အာဟာရပြည့်ဝရန် အရေးကြီးသည်ဟု ယခင်က သိနားလည်သော်လည်း ရက် ၈၀၀၀ အရွယ် (ပျမ်းမျှအသက်၂၀ ဝန်းကျင်အထိ)သည်လည်း အာဟာရပြည့်ဝရန် အရေးကြီးလှပါသည်။ အကြောင်းမှာ အာဟာရပြည့်ဝမှုမရှိပါက ဆယ်ကျော်သက်အရွယ်တွင် နောက်တစ်ကြိမ် ကိုယ်ကာယဖွံ့ဖြိုးတိုးတက်သည့်အခါ ဖွံ့ဖြိုးမှုနည်းပါးပေလိမ့်မည်။ ထို့ကြောင့် ငယ်စဉ်ဘဝ၌ ကောင်းမွန်သော အာဟာရသည် ကျန်းမာရေးကောင်းမွန်ခြင်းအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး ပညာရေး၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုနှင့် စွမ်းဆောင်မှုများကို တိုးတက်စေပြီး အနာဂတ်ကျန်းမာရေးပြဿနာများကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

ယူနီဆက်၏ ၂၀၂၂ ခုနှစ် တွေ့ရှိချက်များအရ တစ်ကမ္ဘာလုံးတွင် ပုညှက်သောကလေး (Stunting) မှာ ၂၂ ဒသမ ၃ ရာခိုင်နှုန်း၊ ပိန်လှီသောကလေး (Wasting) မှာ ၆ ဒသမ ၈ ရာခိုင်နှုန်းနှင့် ဝသောကလေး (Overweight)မှာ ၅ ဒသမ ၆ ရာခိုင်နှုန်းတို့ရှိကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတွင်မူ ပုညှက်သောကလေးမှာ၂၀ ရာခိုင်နှုန်း- ၃၀ ရာခိုင်နှုန်း၊ ပိန်လှီသောကလေးမှာ ၅ ရာခိုင်နှုန်း- ၁၀ ရာခိုင်နှုန်းနှင့် ဝသောကလေးမှာ <၂ ဒသမ ၅ ရာခိုင်နှုန်းအောက် အသီးသီးရှိကြောင်း သိရှိရပါသည်။

ကလေးအရွယ်နှင့် ဆယ်ကျော်သက်အရွယ်လူငယ်များတွင် ခန္ဓာကိုယ်ကြီးထွားမှု၊ အရိုးသန်မာမှု၊ ဟော်မုန်းများပြောင်းလဲမှုနှင့် သွေးအားနည်းခြင်းကို ကာကွယ်ရန်တို့အတွက် အာဟာရပြည့်ဝသည့် မျှတသောစားသောက်မှု (Balanced Diet) ရှိရန် လိုအပ်ပါသည်။ လေ့လာချက်များအရ ယခုခေတ်အခါ၌ ကလေးအရွယ်များတွင် အချိုလွန်ကဲသော အစားအစာနှင့် ဖျော်ရည်များ စားသုံးမှုများပြားခြင်း၊ အဆင့်ဆင့်ပြုပြင်ပြောင်းလဲထားသော အသင့်စား အစားအစာများ (Processed food) နှင့် အာဟာရပါဝင်မှုနည်းပါးသော အသင့်စားမုန့်ပဲသရေစာအစားအစာများ (Junk food) ကို လွန်လွန်ကဲကဲ စားလာခြင်း၊ တစ်ယောက်စာအစားအစာပမာဏကို ယခင်ကထက် ပိုမိုပြင်ဆင်၍ အစားအစာပမာဏကို ပိုမိုစားသုံးလာခြင်းစသည့် စားသောက်မှုပုံစံလွဲမှားခြင်းနှင့် ရုပ်မြင်သံကြားနှင့်တယ်လီဖုန်းကဲ့သို့ စက်ပစ္စည်းများကို ကြည့်ရှုသုံးစွဲမှုများလာပြီး ကိုယ်လက်လှုပ်ရှားမှု နည်းပါးလာခြင်းတို့သည် အန္တရာယ်ရှိသော အပြုအမူများဖြစ်ကြောင်း သိရှိရပါသည်။

**❋ ဦးစားပေးစားသင့်သော အစားအစာများမှာ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် အမျိုးမျိုး၊ မသန့်စင်ဘဲ သဘာဝအတိုင်းရှိသော ကောက်ပဲသီးနှံ (Whole grains) အမျိုးမျိုး၊ ကျန်းမာရေးအတွက် ကောင်းမွန်သော အသားဓာတ်ပါဝင်သည့် ငါးအမျိုးမျိုး၊ ကြက်၊ ဘဲ၊ ပဲအမျိုးမျိုးနှင့် အစေ့အဆန်များ၊ အပင်မှထုတ်လုပ်ထားသော ဆီအမျိုးမျိုးတို့ဖြစ်**

**❋ တတ်နိုင်သမျှ လျှော့စားသင့်သောအစားအစာများမှာ သန့်စင်ထားသော ကောက်ပဲသီးနှံ (refined grains)အမျိုးမျိုး၊ အသေးစိတ်အဆင့်ဆင့် ပြုပြင်ပြောင်းလဲထားသော အသင့်စားအစားအစာများ (Ultra processed food)၊ ဆားပါဝင်မှုများသော အစားအစာများ၊ အချိုဓာတ်လွန်ကဲသောအစားအစာများနှင့် ဖျော်ရည်များ၊ စားအုန်းဆီကဲ့သို့ ကျန်းမာရေးနှင့်မညီညွတ်သော ဆီအမျိုးမျိုးတို့ဖြစ်**

ဆယ်ကျော်သက်အရွယ် လူငယ်များတွင် ဖြစ်ပွားလေ့ရှိသည့် အန္တရာယ်ရှိသော အပြုအမူများမှာ အသင့်စားအစားအစာများကို လွန်လွန်ကဲကဲစားလာခြင်း၊ နံနက်စာ သို့မဟုတ် နေ့လယ်စာ သို့မဟုတ် ညစာကိုမစားဘဲနေခြင်း၊ လူမှုကွန်ရက်တွင် ခေတ်စားလာသည့် စားသောက်ပုံနည်းလမ်းမှားများကို အတုယူဆောင်ရွက်ခြင်း [ဥပမာ-အဆိပ် အတောက်ဖယ်ရှားဖျော်ရည်များ (Detox drinks) သောက်သုံးခြင်း]၊ ခန္ဓာကိုယ်အချိုးအစားလှပရန် အစာမစားဘဲနေလာရာမှ အစားအသောက်မှုမမှန်ခြင်းများ (Eating Disorders) ဖြစ်ပေါ်လာနိုင်ပါသည်။

အသက် ၅ နှစ်မှ ၁၉ နှစ်အရွယ်ကလေးများသည် ကာယ၊ ဉာဏဖွံ့ဖြိုးတိုးတက်မှုနှင့် တစ်သက်တာ ကျန်းမာသောလူနေမှုပုံစံရရှိရန် လေ့ကျင့်ပျိုးထောင်နိုင်သည့် အခွင့်အလမ်းအကောင်းဆုံးအရွယ် ဖြစ်ပါသည်။ ထိုသို့ လေ့ကျင့်ပျိုးထောင်နိုင်ပါက ကလေးများသည် ပညာရေးတွင် အောင်မြင်မှုနှင့် ကျောင်းတွင်းစွမ်းဆောင်ရည်များတွင် တိုးတက်လာပြီး ပုညှက်သောကလေးသည် ဆယ်ကျော်သက်အရွယ်တွင် ခန္ဓာကိုယ်ထွားကျိုင်းလာနိုင်ပါသည်။

ကျောင်းနေအရွယ်ကလေးများတွင် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ မစားဖြစ်ရသည့်အကြောင်းရင်းများတွင် အာဟာရပြည့်ဝသော အစားအစာများကို အလွယ်တကူ လက်လှမ်းမမီခြင်းသည် အကြောင်းရင်းတစ်ခုဖြစ်ပြီး မိန်းကလေးများတွင် အဖြစ်များပြီး နောက်ဆက်တွဲအနေဖြင့် အာဟာရမပြည့်ဝမှုများ ဖြစ်ပေါ်လာကြောင်း သုတေသနများအရ သိရှိရပါသည်။ ထို့ပြင် သူငယ်ချင်းများနည်းတူ လိုက်လျောညီထွေအောင် စားသုံးရာမှ အာဟာရပါဝင်မှုနည်းပါးသော အသင့်စား မုန့်ပဲသရေစာ အစားအစာများ၊ အချိုလွန်ကဲသော အစားအစာများနှင့် ဖျော်ရည်များကို စားသောက်မိခြင်း၊ ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်နေရာများတွင် အသင့်စား အစားအစာများကို အလွယ်တကူဝယ်ယူရရှိနိုင်ခြင်းနှင့် အာဟာရပြည့်ဝ၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများကို စားသုံးမှုနည်းလာခြင်းတို့ပင်ဖြစ်သည်။

ယူနီဆက်စာရင်းအင်းများအရ တစ်နေ့လျှင် အသီးအရွက်တစ်ကြိမ်ပင် မစားဖြစ်သည်ကို ကျောင်းနေအရွယ်ကလေးများ၏ ၂၁ ရာခိုင်နှုန်းတွင်လည်းကောင်း၊ တစ်နေ့လျှင် သစ်သီးတစ်ကြိမ်ပင် မစားဖြစ်သည်ကို ကျောင်းနေအရွယ်ကလေးများ၏ ၃၄ ရာခိုင်နှုန်းတွင်လည်းကောင်း၊ နေ့စဉ် အချိုရည်သောက်သုံးမှုကို ၄၂ ရာခိုင်နှုန်းတွင်လည်းကောင်း၊ အသင့်စားအစားအစာများကို အနည်းဆုံး တစ်ပတ်တစ်ကြိမ်စားသုံးမှုကို ကျောင်းနေအရွယ်ကလေးများ၏ ၄၆ ရာခိုင်နှုန်းတွင် လည်းကောင်း တွေ့ရှိရပါသည်။

နံနက်စာကို မစားဘဲနေသည့် ဓလေ့ရှိသော ကလေးများတွင် ပညာသင်ယူနိုင်စွမ်း၊ မှတ်ဉာဏ်စွမ်းရည်၊ ပညာထူးချွန်မှုများသည် နံနက်စာကို ပုံမှန်စားသည့် အလေ့ရှိသော ကလေးများထက် လျော့နည်းကြောင်း သုတေသနတွေ့ရှိချက်များအရ သိရှိရပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးများတွင် နံနက်စာကို ပုံမှန်စားသည့် အလေ့အကျင့် ပြုလုပ်ပေးရန် လိုအပ်လှပါသည်။ ထို့ပြင် ဆယ်ကျော်သက်အရွယ်ကလေးများ၏ အန္တရာယ်ရှိသော အပြုအမူများလုပ်ဆောင်မှုသည် အချိုရည် အလွန်အကျွံသောက်သုံးမှုနှင့် ဆက်စပ်လျက်ရှိကြောင်းကိုလည်း ၂၆ နိုင်ငံတွင် ဆောင်ရွက်ထားသည့် သုတေသနစာတမ်းအပါအဝင် လေ့လာမှုများအရ သိရှိရပါသည်။

ကလေးသူငယ်များတွင် အန္တရာယ်ရှိသောအပြုအမူများလုပ်ဆောင်ခြင်းကို လျှော့ချနိုင်ရန်အတွက် မိဘများကို အာဟာရဆိုင်ရာကျန်းမာရေးဗဟုသုတ တိုးပွားအောင် ဆောင်ရွက်ပေးခြင်း၊ ကလေးများကို အဆာပြေကျွေးမွေးရာတွင် ကျန်းမာရေးနှင့် ညီညွတ်သောအစားအစာများကိုသာ ကျွေးမွေးရန် အားပေးခြင်း၊ ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်း လုပ်ငန်းများလုပ်ဆောင်ခြင်း၊ အချိုလွန်ကဲသော အစားအစာနှင့် ဖျော်ရည်များစားသုံးမှုကို ကန့်သတ်ခြင်း၊ အဆင့်ဆင့်ပြုပြင်ပြောင်းလဲထားသော အသင့်စား အစားအစာများကို ကန့်သတ်ထားခြင်း၊ ရုပ်မြင်သံကြားနှင့် တယ်လီဖုန်းကဲ့သို့ စက်ပစ္စည်းများ ကြည့်ရှုသုံးစွဲမှုကို အချိန်ပိုင်းပြုလုပ်ရန် စည်းကမ်းသတ်မှတ်ပေးခြင်း၊ ပြေးလွှားဆော့ကစားမှုများကို အားပေးခြင်းတို့ ပြုလုပ်ပေးရပါမည်။

ထို့အတူ ဆယ်ကျော်သက်လူငယ်များတွင်လည်း အန္တရာယ်ရှိသောအပြုအမူ လုပ်ဆောင်ချက်များ လျှော့ချနိုင်ရန်အတွက် အာဟာရပါဝင်မှုနည်းပါးသော အသင့်စား အစားအစာများ မစားသုံးစေဘဲ ကျန်းမာရေးနှင့်ညီညွတ်၊ အာဟာရမျှတသည့် အစားအစာများရွေးချယ်စားသုံးရန် သင်ကြားပေးခြင်း၊ အာဟာရမျှတသော အစားအစာကို ပြင်ဆင်ချက်ပြုတ်တတ်စေရန် သင်ကြားပေးခြင်း၊ ကိုယ်တိုင်ယုံကြည်မှုရှိစေရန်နှင့် စိတ်ကျန်းမာရွှင်လန်းစေရန် စိတ်ဓာတ်မြှင့်တင်ပေးခြင်းများကို ပြုလုပ်သင့်ပါသည်။

## အရွယ်ရောက်ပြီးသူများအတွက် အာဟာရ

အရွယ်ရောက်ပြီးသူများတွင် နေ့စဉ်ဆောင်ရွက်နေသော လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရန်၊ ခန္ဓာကိုယ်တွင်းရှိ ဇီဝဖြစ်စဉ်များမှန်ကန်ရန်၊ ခန္ဓာကိုယ်အလေးချိန်ထိန်းသိမ်းရန်၊ နှလုံးသွေးကြောကျဉ်းဆိုင်ရာရောဂါများ ဖြစ်ပွားခြင်းတို့မှ ကာကွယ်ရန်တို့အတွက် အာဟာရမျှတရန် လိုအပ်လှပါသည်။

## အရွယ်ရောက်ပြီးသူများအတွင်း ဖြစ်ပွားလေ့ရှိသည့် အန္တရာယ်ရှိသောအပြုအမူများ

စိတ်ဖိစီးမှုကြောင့် ကျန်းမာရေးနှင့် မညီညွတ်ဘဲ အလွယ်တကူရနိုင်သော အစားအစာများကို ပိုမိုစားမိခြင်း၊ အစားကြူးခြင်း၊ နံနက်စာမစားဘဲနေခြင်း၊ အဆင့်ဆင့် ပြုပြင်ပြောင်းလဲထားသော အသင့်စား အစားအစာများ (Processed food) များကိုသာ စားဖြစ်ခြင်း၊ အထိုင်များသောအလုပ်ကို လုပ်ခြင်းတို့ဖြစ်ပါသည်။

**အရွယ်ရောက်ပြီးသူများအတွက် အန္တရာယ်ရှိသော အပြုအမူများလုပ်ဆောင်မှုကို လျှော့ချနိုင်ရန်အတွက် နည်းလမ်းများအနေဖြင့် -**

(၁) နှလုံးကျန်းမာရေးအတွက် ကောင်းမွန်သောအစားအစာများကို ရွေးချယ်စားသုံးရာတွင် ဦးစားပေး၍ စားသင့်သောအစားအစာများနှင့် တတ်နိုင်သမျှလျှော့စားသင့်သော အစားအစာများဟူ၍ နှစ်မျိုးခွဲခြားထားပါသည်။

ဦးစားပေးစားသင့်သော အစားအစာများမှာ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အမျိုးမျိုး၊ မသန့်စင်ဘဲ သဘာဝအတိုင်းရှိသော ကောက်ပဲသီးနှံ (Whole grains) အမျိုးမျိုး၊ ကျန်းမာရေးအတွက် ကောင်းမွန်သော အသားဓာတ်ပါဝင်သည့် ငါးအမျိုးမျိုး၊ ကြက်၊ ဘဲ၊ ပဲအမျိုးမျိုးနှင့် အစေ့အဆန်များ၊ အပင်မှထုတ်လုပ်ထားသော ဆီအမျိုးမျိုးတို့ ဖြစ်ကြသည်။ တတ်နိုင်သမျှ လျှော့စားသင့်သော အစားအစာများမှာ သန့်စင်ထားသော ကောက်ပဲသီးနှံ (refined grains) အမျိုးမျိုး၊ အသေးစိတ်အဆင့်ဆင့် ပြုပြင်ပြောင်းလဲထားသော အသင့်စားအစားအစာများ (Ultra-processed food)၊ ဆားပါဝင်မှုများသော အစားအစာများ၊ အချိုဓာတ်လွန်ကဲသော အစားအစာများနှင့် ဖျော်ရည်များ၊ စားအုန်းဆီကဲ့သို့ ကျန်းမာရေးနှင့်မညီညွတ်သော ဆီအမျိုးမျိုးတို့ ဖြစ်ကြပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လူတစ်ဦးလျှင် တစ်နေ့တာဆားစားသုံးမှုကို ငါးဂရမ် (လက်ဖက်စားဇွန်းတစ်ဇွန်း)ထက်မပိုရန်နှင့် American Heart Association က တစ်နေ့တာ သကြားစားသုံးမှုကို အမျိုးသားများအတွက် လက်ဖက်စားဇွန်းကိုးဇွန်းထက်မပိုရန်နှင့် အမျိုးသမီးများအတွက် လက်ဖက်စားဇွန်းခြောက်ဇွန်းထက်မပိုရန် တိုက်တွန်းထားပါသည်။

စာမျက်နှာ ၇ သို့ ◆

## မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ်များ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှကြီးမှူးကျင်းပမည့် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ခတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲနှင့် ပညာပေးဇာတ်လမ်းတို (Short Film ၂-၃ မိနစ်) ဖိတ်ခေါ်ပြိုင်ပွဲများတွင် ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ် ၅ ခု ရွေးချယ်မည်ဖြစ်၍ အောက်ပါသတ်မှတ်ချက်များအတိုင်း ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) တစ်ဦးလျှင် ဆောင်ပုဒ် ၂ ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ဆောင်ပုဒ် ၁ ခုချင်းစီအား မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။

(ဂ) မြန်မာဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည် ဖြစ်သည်။

(ဃ) ပြိုင်ပွဲဝင်ဆောင်ပုဒ်များအား ၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့ နောက်ဆုံးထား ပေးပို့ယှဉ်ပြိုင်ရမည်။

(င) ဆောင်ပုဒ်များကို Fax ၀၆၇၃ - ၄၀၁၇၄၈ နှင့် Email - ccdac.mm@gmail.com သို့ ပေးပို့ရမည်။

(စ) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာပြည့်စုံစွာ ပါရှိရမည်။

**မှတ်ချက်။** **မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော**
**ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့**

---

◆ စာမျက်နှာ ၆ မှ

(၂) ညဘက်မိုးချုပ်မှ အစာစားခြင်းနှင့် စိတ်လှုပ်ရှားခြင်းကြောင့် အစာပိုစားမိခြင်းတို့သည် နှလုံးသွေးကြောဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများနှင့် ဆက်စပ်လျက်ရှိကြောင်း သုတေသန တွေ့ရှိချက်များအရသိရှိရသဖြင့် မပြုလုပ်မိစေရန် သတိပြုရပါမည်။ ထို့ပြင် လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသူများအတွက် အလုပ်နှင့်ဘဝမျှတစေရန်၊ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ဖြစ်စေရန်နှင့် ကျန်းမာသောအစားအသောက်များကိုသာ ရွေးချယ်စားသုံးဖြစ်စေရန် ရည်ရွယ်၍ ကျန်းမာကြံ့ခိုင်ရေးအစီအစဉ်များ(Wellness programs) ပြုလုပ်ပေးသင့်ပါသည်။

### သက်ကြီးရွယ်အိုများအတွက် အာဟာရ

သက်ကြီးရွယ်အိုများအတွက် အရိုးကျန်းမာရေးကို ထိန်းသိမ်းခြင်း၊ ကိုယ်အလေးချိန်လျှော့ချခြင်းကို ကာကွယ်ခြင်း၊ စိတ်ကျန်းမာရေးကို အလေးထားခြင်း၊ နာတာရှည်ရောဂါများနှင့် ကိုယ်ခံအားကောင်းစေရန် ဂရုပြုခြင်းတို့သည် အရေးကြီးလှပါသည်။ မြန်မာနိုင်ငံတွင်ဆောင်ရွက်ထားသော သုတေသနများအရ အာဟာရချို့တဲ့ခြင်းကို သက်ကြီးရွယ်အိုများ၏ ၃ ဒသမ ၄ ရာခိုင်နှုန်းမှ ၂၁ ဒသမ ၇ ရာခိုင်နှုန်းအတွင်းလည်းကောင်း၊ အာဟာရချို့တဲ့မှုဖြစ်နိုင်ခြေကို သက်ကြီးရွယ်အိုများ၏ ၃၄ ဒသမ ၇ ရာခိုင်နှုန်းမှ ၅၉ ဒသမ ၄ ရာခိုင်နှုန်းအတွင်းလည်းကောင်း တွေ့ရှိရပါသည်။

### သက်ကြီးရွယ်အိုများအတွင်း ကျန်းမာရေးနှင့်မညီညွတ်သောစားသောက်မှုပုံစံဖြစ်စေသည်များ

သက်ကြီးရွယ်အိုများသည် အသက်အရွယ်ကြီးလာသည်နှင့်အမျှ ခံတွင်းပျက်လာခြင်း၊ လှုပ်ရှားသွားလာမှုနှေးလာပြီး အစားအစာပြင်ဆင်ချက်ပြုတ်နိုင်ခြင်း မရှိတော့ဘဲ လက်လှမ်းမီရာ အလွယ်တကူရနိုင်သည့် အာဟာရနည်းပါးသော အစားအစာများကိုသာစားဖြစ်ခြင်း စသည်တို့ကြောင့် အာဟာရချို့တဲ့မှုများဖြစ်လာပါသည်။ သုတေသနတွေ့ရှိချက်များအရ သက်ကြီးရွယ်အိုများတွင် အာဟာရမျှတပြည့်ဝပါက စိတ်ခတ်ကျခြင်းလက္ခဏာများ လျှော့ချနိုင်ကြောင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကိုလုံလောက်အောင်စားပါက စိတ်ကျန်းမာရေးကို အထောက်အကူဖြစ်စေနိုင်ကြောင်း ဖော်ပြထားပါသည်။

**သက်ကြီးရွယ်အိုများအတွက် ထိုအန္တရာယ်ရှိသော အပြုအမူများလုပ်ဆောင်မှုကို လျှော့ချနိုင်ရန်နည်းလမ်းများအနေဖြင့်**- အသက်အရွယ်ကြီးသူများတွင် အစာဝါးစားရန် သွားပြဿနာရှိနိုင်ခြင်း၊ အစာမျိုချရန် အခက်အခဲရှိနိုင်ခြင်းစသည့် အခက်အခဲများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများကို စဉ်းစားဖြေရှင်းပေးခြင်း၊ အစာကို အနည်းငယ်သာစားနိုင်သဖြင့် တစ်ခါစားလျှင် အာဟာရကြွယ်ဝသောအစားအစာများကို ပမာဏနည်းနည်းနှင့် အကြိမ်အရေအတွက် များများစားစေခြင်းတို့ကို ပြုလုပ်ပေးနိုင်ပါသည်။

အဓိကအားဖြင့်ဆိုရလျှင် မည်သည့်အသက်အရွယ်မဆို **ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်မှုပုံစံ (Healthy Eating Habit) အတိုင်း**

> **❝ အာဟာရသည် ကလေးဘဝမှစ၍ အသက်အရွယ်ကြီးသည်အထိ ကျန်းမာစွာနေထိုင်နိုင်ခြင်းနှင့် ရောဂါများကာကွယ်ပေးခြင်း၊ အန္တရာယ်ရှိသောအပြုအမူများမှ ကာကွယ်ပေးခြင်းတို့အတွက် အရေးကြီးလှပါသည်။ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အဝလွန်ရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ စသည့်မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားနိုင်ခြေကိုလည်း ကာကွယ်ပေးသည်။ နာတာရှည်ရောဂါခံစားနေရသူများတွင်လည်း သက်တမ်းစေ့နေနိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်မှုပုံစံအတိုင်း အာဟာရမျှတသော အစားအသောက်ကို စားသုံးသင့်ကြောင်း သတိပြုမိပါက ဆောလျင်စွာ လေ့ကျင့်စားသုံးသင့် ❞**

**အာဟာရမျှတသော အစားအသောက် (Balanced Diet)** ကို လေ့ကျင့်စားသုံးပါက ကျန်းမာရေးဆိုင်ရာ အန္တရာယ်ရှိသော အပြုအမူများ ပြုလုပ်ခြင်းကိုလည်းကာကွယ်ရာရောက်ပြီး ကျန်းမာစွာ နေထိုင်နိုင်ခြင်းနှင့် ရောဂါကာကွယ်ပေးခြင်းအတွက်လည်း များစွာ အထောက်အကူပြုစေမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့်ညီညွတ်သောစားသောက်မှုပုံစံ (Healthy Eating Habit) အတိုင်း လေ့ကျင့်စားသုံးနိုင်ရန် နည်းလမ်းများရှိပါသည်-

**(၁) သတိနှင့်အစားအစာကို စားသုံးရန်နည်းလမ်း (Mindful Eating Approach)**

(က) မိမိစားသုံးသော အစားအစာသည် မည်သည့်အစားအစာစားဖြစ်သနည်း (ဥပမာ- အာဟာရနည်းပါးသော အစားအစာကို စားသုံးမိနေသလား (သို့) အာဟာရကြွယ်ဝသော အစားအစာကို စားသုံးမိရဲ့လား)။

(ခ) ပမာဏမည်မျှစားဖြစ်သနည်း (ဥပမာ- လိုအပ်သလောက်အစားအစာ ပမာဏကိုသာ စားသုံးမိရဲ့လား (သို့) အစားအစာကို အလွန်အကျူး စားသုံးမိနေပါသလား)။

(ဂ) ဘယ်နေရာမှာ စားဖြစ်သနည်း (ဥပမာ- ထမင်းစားပွဲတွင်စားသုံးခြင်းလား (သို့) ရုပ်မြင်သံကြားရှေ့တွင် စားသုံးမိနေခြင်းလား (သို့) လမ်းဘေးဈေးဆိုင်တွင် စားသုံးမိနေသလား)။

(ဃ) ဘယ်လိုစားဖြစ်သနည်း (ဥပမာ- အစားအစာကို မြန်မြန်စားသုံးနေပါသလား (သို့) အစားအစာကို နှေးနှေးစားသုံးနေသလား)။

**(၂) အစားအစာကို ကျွမ်းကျင်လိမ္မာစွာစားသုံးရန်နည်းလမ်း (Eating Competence Approach)**

အစားအစာကိုစားသုံးရာတွင် အပြုသဘောဆောင်သည့် သဘောထားကိုထားရှိရန်၊ အစာစားသုံးရာတွင် စိတ်ဝင်စားမှုဖြင့် အာဟာရစုံလင်အောင် ကျန်းမာရေးနှင့်ညီညွတ်၍ အမျိုးစုံလင်သောအစာများကိုစားသုံးရန်၊ အစားအစာကို စားသုံးရာတွင် အချိန်မှန်မှန်စားဖြစ်စေရန် စနစ်တကျစီစဉ်စားသောက်ရန်၊ အာဟာရမျှတလုံလောက်အောင် စားသောက်ရန်၊ ဗိုက်ဆာခြင်း၊ ဗိုက်ပြည့်ခြင်း၊ ခံတွင်းတွေ့ခြင်းစသည့် မိမိခန္ဓာကိုယ်မှ လှုံ့ဆော်ချက်များကို အလေးထားရန်တို့ဖြစ်ပါသည်။

ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်မှုပုံစံဖြစ်လာအောင် အဆင့်ဆင့် လေ့ကျင့်စားသုံးနိုင်ပါသည်။ ရှေးဦးစွာ မိမိစားသောက်ပုံကို ပြန်လည်ဆန်းစစ် (Reflect)ရန် လိုအပ်ပါသည်။ (ဥပမာ- အစားအစာကို မြန်မြန်စားမိနေသလား၊ မတ်တတ်ရပ်စားမိနေသလား၊ မဆာဘဲစားမိနေသလား၊ ထမင်းစားပြီး အချိုတည်းဖြစ်နေသလား၊ မနက်စာမစားဘဲနေမိနေသလား)။

ဤသို့ဆန်းစစ်ပြီးလျှင် မကောင်းသော အလေ့အကျင့်များကို ကောင်းသောအလေ့အကျင့်များဖြင့် အစားထိုးရန် (Replace) လိုအပ်ပါမည်။ (ဥပမာ- အစားအစာကို နှေးနှေးစားရန်၊ ထမင်းစားပွဲတွင် ထိုင်စားရန်၊ ဆာမှစားရန်၊ ထမင်းစားပြီး အချိုမတည်းရန်၊ နံနက်စာအမြဲစားရန်တို့ဖြစ်သည်)။

ထို့ပြင် ကောင်းမွန်သော ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်မှု အလေ့အကျင့်အသစ်များကို ထည့်သွင်းကျင့်သုံးရန် (Reinforce) လိုအပ်ပါသည်။ (ဥပမာ- ထမင်းစားလျှင် ဟင်းသီးဟင်းရွက်စားသည့်အလေ့အကျင့်မရှိလျှင် ဟင်းသီးဟင်းရွက်စားသည့်အလေ့အကျင့်ပြုလုပ်ရန်)။

ဤသို့ အဆင့်ဆင့်လေ့ကျင့်ရာတွင် မိမိ၏ကြိုက်နှစ်သက်မှု၊ မိမိတို့၏ဓလေ့ထုံးစံ၊ မိမိတို့၏ ငွေကြေးတတ်နိုင်မှု စသည့်အချက်များကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ မိမိအတွက် လိုအပ်သလောက် အစားအစာကို စားသုံးရာတွင် ထမင်းပန်းကန်၏ လေးပုံတစ်ပုံကို ထမင်းကဲ့သို့ ကစီဓာတ်ကြွယ်ဝသောအစားအစာ၊ ထမင်းပန်းကန်၏နောက်လေးပုံတစ်ပုံကို အသား/ငါး/ကြက်ဥကဲ့သို့ အသားဓာတ်ကြွယ်ဝသော အစားအစာ၊ ထမင်းပန်းကန်၏နောက်လေးပုံနှစ်ပုံကို အသားဓာတ်ကြွယ်ဝသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စားသုံးရန်ဖြစ်ပါသည်။

ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်မှုပုံစံဖြစ်လာအောင် အဆင့်ဆင့် လေ့ကျင့်စားသုံးရာတွင် အခက်အခဲများရှိနိုင်ပါသည်။ ထိုနည်းလမ်းများကို ကျော်လွှားနိုင်မည့် အစီအစဉ်များကိုလည်း လုပ်ဆောင်ရပါမည်။

(၁) အလုပ်ဖွင့်ရက်တွင် အလုပ်တစ်ဖက်ဖြင့် အစားအစာပြင်ဆင်ချက်ပြုတ်ရန် အချိန်မရှိပါက အလုပ်ပိတ်ရက်တွင် ဖွင့်ရက်များအတွက် အစားအစာကို ကြိုတင်ပြင်ဆင်ထားခြင်း။

(၂) ဆယ်ကျော်သက်များတွင် သူငယ်ချင်းများနည်းတူ လိုက်လျောညီထွေအောင်စားရာမှ အာဟာရပါဝင်မှုနည်းပါးသော အသင့်စားအစားအစာများ စားသုံးမိခြင်းမဖြစ်အောင် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကိုသာ အာဟာရမျှတစေရန် ရွေးချယ်စားသုံးနိုင်ရန် မိဘများက ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ ငွေကြေးမတတ်နိုင်၍ အာဟာရနှင့် ညီညွတ်အောင်မစားနိုင်ပါက တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ခြင်း/ရပ်ကွက်များအတွင်း ဘုံဆိုင်စိုက်ပျိုးရေးလုပ်ဆောင်ခြင်း။

(၃) လှုပ်ရှားသွားလာမှုနှေးလာပြီး အစားအစာပြင်ဆင်ချက်ပြုတ်နိုင်ခြင်း မရှိတော့သော အသက်အရွယ်ကြီးသူများအတွက် ရပ်ကွက်/ကျေးရွာမှ စေတနာ့ဝန်ထမ်းများက အကူအညီပေးခြင်းတို့ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် အာဟာရသည် ကလေးဘဝမှစ၍ အသက်အရွယ်ကြီးသည်အထိ ကျန်းမာစွာနေထိုင်နိုင်ခြင်းနှင့် ရောဂါများကာကွယ်ပေးခြင်း၊ အန္တရာယ်ရှိသောအပြုအမူများမှ ကာကွယ်ပေးခြင်းတို့အတွက် အရေးကြီးလှပါသည်။ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အဝလွန်ရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ စသည့် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားနိုင်ခြေကိုလည်း ကာကွယ်ပေးသည်။ နာတာရှည်ရောဂါ ခံစားနေရသူများတွင်လည်း သက်တမ်းစေ့နေနိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်မှုပုံစံအတိုင်း အာဟာရမျှတသော အစားအသောက်ကို စားသုံးသင့်ကြောင်း သတိပြုမိပါက ဆောလျင်စွာ လေ့ကျင့်စားသုံးသင့်ပါသည်။

ထို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်မှုပုံစံအတိုင်း အာဟာရမျှတသောအစားအသောက်စားသုံးခြင်းကို ရေတိုအတွက်မဟုတ်ဘဲ ရေရှည်ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဆောင်ရွက်သင့်ပါသည်။ သို့မှသာ စိတ်ရောကိုယ်ပါကျန်းမာစွာ နေနိုင်ပြီး ဘဝအရည်အသွေးကိုလည်း မြင့်မားစေနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**ကိုးကား-**

**၂၂-၁-၂၀၂၅ ရက်နေ့တွင် ကျင်းပသော "(၅၃) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၊ ကျန်းမာရေးပြဿနာဖြစ်စေနိုင်သည့်အချက်အလက်များ ဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော လူမှုဘဝမြှင့်တင်စေရန် ဆောင်ရွက်ခြင်း" ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲမှ ဒေါက်တာကြေးမုံထွေး၏ "အာဟာရသည် ကလေးဘဝမှ အသက်အရွယ်ကြီးသူများအထိ ကျန်းမာရေးကို မည်ကဲ့သို့ထောက်ပံ့ပေးပြီး အန္တရာယ်ရှိသော အပြုအမူများကို မည်ကဲ့သို့ ကာကွယ်ပေးခြင်း"**

# Gender/ CEDAW/ NSPAW/ AGMSF/ UNSCR 1325 အသိပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ





**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်သော ကျား၊ မ ရေးရာ Gender ဆိုင်ရာ အခြေခံသဘောတရားများ၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (Convention on the Elimination of All Forms of Discrimination Against Women – CEDAW)၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (National Strategic Plan for the Advancement of Women – NSPAW)၊ ကဏ္ဍစုံတွင် ကျား၊ မ ရေးရာ ထည့်သွင်းစဉ်းစားခြင်း မဟာဗျူဟာမူဘောင် (ASEAN Gender Mainstreaming Strategic Framework– AGMSF) (2021–2025)၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ (UNSCR 1325) အသိပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ သင်တန်းသားသင်တန်းသူများ တက်ရောက်သည်။

**တက်ရောက်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာတစ်ဝန်းလုံးတွင် ဆောင်ရွက်နေကြသည့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေးများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်နေသည့် Gender/ CEDAW/ NSPAW/ AGMSF/ UNSCR 1325 လုပ်ငန်းစဉ်များကို သိရှိစေရန် အမျိုးသမီးများအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို အသိပညာပေးခြင်း ဖြစ်ပါကြောင်း သင်တန်းကာလအတွင်း တက်ကြွစွာ ပါဝင်ဆွေးနွေးကြရန်နှင့် သင်တန်းကရရှိသည့် ဗဟုသုတ၊ အသိပညာများကို လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချသွားရန် တိုက်တွန်း ပြောကြားသည်။

သင်တန်းသို့ ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ပြီး သင်တန်းကို နှစ်ရက်တာဖွင့်လှစ်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

"ထိရောက်သော လူထုဆက်ဆံရေးအတွက် အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ" (Workshop on Mastering Government Communication: Empowering Spokespersons for Effective Public Engagement) ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ အာဆီယံအဖွဲ့ဝင် ကမ္ဘောဒီးယား၊ ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှား၊ မြန်မာ၊ လာအိုနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဆွေးနွေးပွဲ လေ့လာသူအဖြစ် တက်ရောက်သည့် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ဆွေးနွေးပွဲ ပထမနေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက အစိုးရပြောရေးဆိုခွင့်ရှိသူများ တတ်ကျွမ်းမှုနှင့် စိန်ခေါ်မှု၊ သက်ဆိုင်ရာနိုင်ငံအလိုက် အစိုးရပြောရေးဆိုခွင့်ရှိသူများ၏ အခန်းကဏ္ဍ၊ မီဒီယာအခင်းအကျင်းနှင့် သတင်းတု၊သတင်းမှား ကိုင်တွယ်ဖြေရှင်းမှုပုံစံများကို နိုင်ငံအလိုက် တင်ပြဆွေးနွေးကြသည်။

ထို့နောက် သင်တန်းဆရာများက ဦးဆောင်၍ ဆွေးနွေးပွဲ တက်ရောက်လာကြသူများသည် လူထုနှင့် ဆက်သွယ်သတင်းစကားပေးခြင်းနှင့် သုတေသနပြုခြင်းဆိုင်ရာ အကြောင်းအရာများ၊ အသံတည်းဖြတ်ခြင်းဆိုင်ရာ၊ မီဒီယာနှင့် ဆက်သွယ်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ တွေ့ဆုံမေးမြန်းခြင်းနှင့် ချိတ်ဆက်ဆက်သွယ်ခြင်းဆောင်ရွက်ရာတွင် သတိပြုရမည့်အချက်များ၊ လုံခြုံရေးအဆင့်အတန်း သတ်မှတ်ထားသော သတင်းအချက်အလက်များကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် စိန်ခေါ်မှုဖြစ်စေသည့် အကြောင်းအရာများကို ဆက်သွယ်ဖြေရှင်းခြင်း စသည့် အကြောင်းအရာများကို လက်တွေ့လေ့ကျင့်ခန်းများဖြင့် ဝိုင်းဝန်းဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲကို အာဆီယံဒေသတွင်းရှိ အစိုးရပြောရေးဆိုခွင့်ရှိသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဖြင့် မီဒီယာနှင့် အစိုးရတာဝန်ရှိသူများအကြား ထိထိရောက်ရောက် ဆက်သွယ်ပြောဆိုနိုင်ရန်၊ အဓိကကျသည့် သတင်းစကားများ ဖြန့်ဖြူးပေးပို့နိုင်ရန်နှင့် အစိုးရနှင့် ပြည်သူလူထုအကြား ယုံကြည်မှုတည်ဆောက်ရန်သာမက အကျပ်အတည်း အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုနှင့် အသိပညာများ ဖလှယ်နိုင်ရန် ရည်ရွယ်ပြီး အာဆီယံပြန်ကြားရေးဆပ်ကော်မတီ၏ စီမံကိန်းတစ်ခုအဖြစ် အာဆီယံယဉ်ကျေးမှု ရန်ပုံငွေအထောက်အပံ့ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီစဉ်ကျင်းပခြင်းဖြစ်သည်။

**သတင်းစဉ်**

# အာဆီယံ–ပါကစ္စတန်မီဒီယာကဏ္ဍ ပူးပေါင်းမြှင့်တင်ရေး ပထမဆုံးအကြိမ် အလုပ်ရုံဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

အာဆီယံနိုင်ငံများနှင့် ပါကစ္စတန်နိုင်ငံတို့အကြား ပထမဆုံးအကြိမ်အဖြစ် မီဒီယာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ ပါကစ္စတန်နိုင်ငံ၌ ပြုလုပ်သည်။

အဆိုပါအစီအစဉ်ကို ပါကစ္စတန်နိုင်ငံ ပြန်ကြားရေးနှင့် ရုပ်သံထုတ်လွှင့်ရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ အာဆီယံနိုင်ငံများမှ လုပ်သက် ရှစ်နှစ်အထက် သတင်းမီဒီယာသမား ၂၂ ဦး တက်ရောက်ခဲ့ကြသည်။ အဆိုပါကာလအတွင်း မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊ မီဒီယာဖွံ့ဖြိုးမှု သင်တန်းကျောင်းများ၊ နိုင်ငံပိုင်မီဒီယာများလေ့လာခြင်းနှင့် စီးပွားရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းများဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် လေ့လာခြင်းအစီအစဉ်များ ပါဝင်သည်။

အဆိုပါအစီအစဉ်တွင် အာဆီယံမီဒီယာအဖွဲ့သည် ပါကစ္စတန်နိုင်ငံ၏ မီဒီယာကဏ္ဍပြုပြင်ပြောင်းလဲမှုများ၊ ဒစ်ဂျစ်တယ်မီဒီယာအသွင်ကူးပြောင်းမှုအခြေအနေများ၊ အာဆီယံနိုင်ငံအသီးသီးနှင့် ကုန်သွယ်မှု၊ ခရီးသွားလာမှုအခြေအနေများအပါအဝင် မြို့တော် အစ္စလာမ်မာဘတ်နှင့် မာရီမြို့ ဗုဒ္ဓရေးဟောင်းအမွေအနှစ်နေရာဖြစ်သည့် တက္ကသီလာဒေသများသို့ သွားရောက်လေ့လာခဲ့ကြသည်။

**ပဏာမခြေလှမ်းဖြစ်**

အာဆီယံအနေဖြင့် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် မီဒီယာ အပြန်အလှန်ချိတ်ဆက်မှုသည် လိုအပ်ပြီး ယခုအကြိမ်သည် အာဆီယံအနေဖြင့် ပါကစ္စတန်နိုင်ငံနှင့် ပထမဆုံးအကြိမ် မီဒီယာဖလှယ်မှုအစီအစဉ်အဖြစ် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အာဆီယံနိုင်ငံအသီးသီးမှ မီဒီယာများအနေဖြင့် ပါကစ္စတန်နိုင်ငံနှင့် ပိုမိုနီးကပ်သည့် ဆက်ဆံရေးကို ရရှိလာနိုင်ပြီး ယဉ်ကျေးမှုအပါအဝင် ကဏ္ဍအသီးသီးတွင် သတင်းအချက်အလက်များ ပိုမိုရရှိလာနိုင်မည့် ပဏာမခြေလှမ်းပင်ဖြစ်ကြောင်း အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးဌာနမှ မစ္စ Wadia Librianti က ပြောကြားသည်။

အာဆီယံမီဒီယာအဖွဲ့သည် ပါကစ္စတန်နိုင်ငံ၏ သတင်းအချက်ဝန်ဆောင်မှုဆိုင်ရာ အင်စတီကျူ (Information Service Academy) ၌ အာဆီယံ–ပါကစ္စတန်မီဒီယာဖလှယ်မှုဆိုင်ရာ နှစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြပြီး သတင်းမီဒီယာကျွမ်းကျင်သူများနှင့် အတွေ့အကြုံများ ဖလှယ်ခြင်း၊ သတင်းအချက်အလက်တင်ဆက်၊ ထုတ်လွှင့်၊ ရေးသား၊ ဖော်ပြခြင်းဆိုင်ရာများ၊ သတင်းတု၊ သတင်းမှားများ အန္တရာယ် စသည့်အကြောင်းအရာများကို ပါကစ္စတန်နိုင်ငံမှ တာဝန်ရှိသူများနှင့် အာဆီယံမီဒီယာများအကြား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့အတူ တပ်မတော်၏ မီဒီယာနှင့် ပြည်သူ့ဆက်ဆံရေးဌာနအပါအဝင် သတင်းနှင့် အသံလွှင့်ဌာန၊ သတင်းနည်းပညာအင်စတီကျူ၊ Pakistan Electronic Media Regulatory Authority (PEMRA) စသည့် မီဒီယာများသို့ သွားရောက်လေ့လာခဲ့ကြောင်း သိရှိရသည်။

**ခင်ရတနာ**





ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀၀ ထပ်မံဖော်ထုတ် ထိန်းသိမ်းခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကို နိုင်ငံတကာနှင့်ပူးပေါင်း၍ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူ နှိမ်နင်းဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ယနေ့တွင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်၊ KK Park နှင့် မယ်ထော်သလေးနယ်မြေတို့တွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၀၀ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက ပြန်လည်လွှဲပြောင်းပေးရန် အသင့်ဖြစ်နေသည့် ပြည်ပနိုင်ငံသားများအား ကောင်းမွန်စွာထိန်းသိမ်းထားရှိမှုနှင့် ယနေ့ ထပ်မံထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူနေမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၂၇၃၈ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၇၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၀၆၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်သင်တန်း အမှတ်စဉ်(၉၇) သင်တန်းဆင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**



စာရေးဝန်ထမ်း ကြီးကြပ်သင်တန်း အမှတ်စဉ်(၉၇)၏ သင်တန်းဆင်းပွဲ အခမ်းအနားကို နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ယနေ့နံနက် ၈ နာရီတွင် ပြုလုပ်သည်။

အခမ်းအနားတွင် ပါမောက္ခချုပ်က သင်တန်းသားစံပြဆုရရှိသည့် သင်တန်းသား အမှတ်(၈၁) ဦးလုံးလော(ဦးစီးမှူး) ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ သင်တန်းသူ စံပြဆုရရှိသည့် သင်တန်းသူ အမှတ်(၄၁) ဒေါ်ဇင်မာဝေ(ဌာနခွဲစာရေး) နိုင်ငံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အား လည်းကောင်း၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆု ရရှိသူများအား လည်းကောင်း သင်တန်းဆင်းအောင်လက်မှတ်များနှင့် ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်း မိန့်ခွန်းပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ပါမောက္ခများ၊ သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၂၈ ဦး၊ သင်တန်းသူ ၆၄ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဒီဇင်ဘာ ၁၆ ရက်မှ ဖေဖော်ဝါရီ ၂၆ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက်ထား တန်ဖိုးထားသည့်အနေဖြင့် မည်သို့သော အခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အလုပ် လုပ်ကိုင်စဉ် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မအိရွှေစင်အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် လူဝင်မှုကြီးကြပ်ရေးဌာနသက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက်တွင် ရီရတ်ဒ်-မတ်စကတ်-ဗန်ကောက်-ရန်ကုန် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီ ၃၃ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။



နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင် အလုပ် လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများကို ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ **ညီမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ-ကနူး**

# ရေတာရှည်မြို့နယ်၌ ဆောင်းသီးနှံနေကြာ စိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု



**ရေတာရှည် ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မြို့နယ်သမဝါယမအသင်းစု၏ပံ့ပိုးမှုဖြင့် တစ်ကေလျှင် ကျပ်နှစ်သိန်းနှင့်ညီမျှသည့် မျိုးနှင့်သွင်းအားစုများကို အသုံးပြုကာ သမဝါယမအသင်းသားများ၏ စိုက်ကေ ၁၅၀ တွင် ရေဆင်းစပ်မျိုး (၁) နှင့် ဆူရာကီရမ်မျိုးများဖြစ်သည့် ဆောင်းသီးနှံနေကြာများကို စိုက်ပျိုးထားရှိသည်။

ငါးကြီးကွေ့ကျေးရွာ ငါးကြီးကွေ့စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးနိုင်နိုင်၏ စံပြစိုက်ခင်းတွင် ရှုရှားသဘာဝရွက်ဖျန်းဆေးအသုံးပြုကာ စိုက်ပျိုးထားရှိမှုအခြေအနေများကို ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွဋ်နှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်များက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် ပြည်ပပို့ကုန်မြှင့်တင်ရေးဆိုင်ရာ အသိပညာမျှဝေဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီတို့ ကြီးမှူးကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် ပြည်ပပို့ကုန်မြှင့်တင်ရေးဆိုင်ရာ အသိပညာမျှဝေဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ နေပြည်တော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြား၍ တာဝန်ရှိသူများက ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ၊ GACC ပို့ကုန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ၊ ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဟုန်းပန်းကုမ္ပဏီဥက္ကဋ္ဌ မစ္စတာကျိုးရှောင်ဖုန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ တွေ့ဆုံပြီး နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် နေပြည်တော်မှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မဲခေါင်-လန်ချန်း စီမံကိန်းဖြင့် နွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန် ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ကျောင်းသား ကျောင်းသူများက နေပြည်တော် ဇေယျာသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့ရှိ ကျေးရွာများသို့ လက်တွေ့ကွင်းဆင်း၍ နွားမွေးမြူတောင်သူများ၏ နွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် နွားများကို ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ မျိုးအောင်နှုန်းကောင်းအောင် ကုသပေးခြင်း၊ နွားသားအောင်နှုန်းကို လေ့လာဆန်းစစ်ခြင်း၊ အရည်အသွေးအကဲဖြတ်စစ်ဆေးခြင်းနှင့် သားအောင်ရန် လိုအပ်သည်များကို စီမံဆောင်ရွက်ပေးကြသည်။



ထို့ပြင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် နွားမွေးမြူတောင်သူများက နွားမွေးမြူရေးနှင့် ပတ်သက်သည့် ပညာရပ်ဆိုင်ရာ ဗဟုသုတများကို အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Changan Eado အမျိုးအစား လျှပ်စစ်သုံးယာဉ်များနှင့် Innogen Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Aion S Mei 580 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက် (၃)ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက (၁၈) ရပ်ကွက် ပုလဲကျွန်းလမ်း ရွှေစေတီဝိဆရ ဓမ္မရိပ်သာအတွင်းရှိ မဟာသဒ္ဓမ္မဇောတိက သုံးထပ်ဆောင်၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ကျောင်းသား ၃၀ နှင့် ရပ်ကွက်နေပြည်သူ ၂၀ တို့အား နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒဂုံမြို့သစ် ခရိုင်ဦးစီးမှူး ဦးကိုကိုကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းလွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/အုပ်ချုပ်ရေးမှူးများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **နေမျိုးအောင် (ဒဂုံတောင်)**

# သာပေါင်းမြို့နယ်၌ မီးဘေးလုံခြုံရေး သတိပေးမြေစိုက်ပိုစတာစိုက်ထူ

**သာပေါင်း ဖေဖော်ဝါရီ ၂၆**

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် မီးဘေးလုံခြုံရေးအတွက် ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်မီးဘေးလုံခြုံရေး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မီးဘေးလုံခြုံရေး သတိပေးဆိုင်းဘုတ် စိုက်ထူခဲ့ကြသည်။



မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇေယျာထိုက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်မြတ်ဇော်၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကျော်သူလွင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ ဒုရဲအုပ်စံကြည်အောင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့က မီးဘေးလုံခြုံရေး သတိပေးဆိုင်းဘုတ်အား လမ်းဆုံတွင် စိုက်ထူခဲ့ကြကြောင်း သိရသည်။ **သာပေါင်း (ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့် ကူညီပံ့ပိုးပေးသူများအား ဂုဏ်ပြုပွဲကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၂၆

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့် ကူညီပံ့ပိုးပေးသူများအား ဂုဏ်ပြုပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ Myawady Media Centre ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်တစ်သက်တာဆုရရှိသူများ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့် ကူညီပံ့ပိုးပေးသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုပွဲတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထူးချွန်ဆုပေးပွဲတွင် ပါဝင်ကူညီပံ့ပိုးသူများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်တစ်သက်တာဆုရရှိသူများနှင့် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ ရုပ်ရှင်ထူးချွန်ဆုရရှိသူများအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ငွေကျပ်နှစ်သိန်း၊ မင်္ဂလာရုပ်ရှင်ရုံမိသားစုက တစ်သိန်းဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရုပ်ရှင်ထူးချွန်ဆုရရှိသူများကိုယ်စား ၂၀၂၄ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရှင် အကယ်ဒမီများရှင် နေတိုးက ကျေးဇူးတင်စကား ပြောကြားပြီး စိန်နန်းတော်စိန်ရွှေရတနာဆိုင်က စားသောက်ဖွယ်ရာများ တည်ခင်းဧည့်ခံမှုကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**ကိုကိုဇော်(mna)**

# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ UCMT CAREER FAIR 2025 ကျင်းပ




သန်လျင် ဖေဖော်ဝါရီ ၂၆

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)တွင် UCMT CAREER FAIR 2025 ကို ယမန်နေ့နံနက်ပိုင်းက ဘက်စုံသုံးခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်ဒေါက်တာ ရီရီဝင်း တက်ရောက်၍ အမှာစကားပြောကြားရာတွင် UCMT CAREER FAIR 2025 ကို ကျောင်းသားကျောင်းသူများ လုပ်ငန်းခွင်အတွေ့အကြုံရရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်နှင့် ဘဏ်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များရရှိစေရန်၊ လုပ်ငန်းခွင်နှင့် တက္ကသိုလ်ချိတ်ဆက်မှု အားကောင်းစေရန်နှင့် ပိုမိုခိုင်မာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောဂဗေဒအသင်း (Myanmar Economic Association-MEA) ဥက္ကဋ္ဌ ဦးကြည်ထွန်းက အမှာစကားပြောကြားပြီး Myanmar Resources Network တည်ထောင်သူနှင့် Myanmar Retailers Association ဂုဏ်ထူးဆောင်နာယက ဦးသူရိန်ငြိမ်းက "Building, Growing & Moving Forward" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Myanmar Economic Association ဂုဏ်ထူးဆောင် နာယကဆရာကြီး ဒေါက်တာ ဦးအောင်က "Economic Growth Models: Business 4.0 & AI" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောသည်။

ထို့နောက် Myanmar Economic Association ဂုဏ်ထူးဆောင်နာယကဆရာကြီး ဒေါက်တာ ဦးအောင်နှင့် သမဝါယမနှင့် စီမံခန့်ခွဲမှု ပညာတက္ကသိုလ် (သန်လျင်) ခေတ္တပါမောက္ခချုပ် (ငြိမ်း) ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာ ဌေးဌေးလွင်တို့က တက္ကသိုလ်စာကြည့်တိုက်အတွက် သုတရသစာအုပ်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဘဏ်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများမှ တာဝန်ရှိသူများက အလုပ်အကိုင်အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ ကျောင်းသား ကျောင်းသူများက မိမိတို့စိတ်ပါဝင်စားသည့် ဘဏ်များနှင့် ကုမ္ပဏီ အဖွဲ့အစည်းများတွင် အလုပ်အကိုင်များ လျှောက်ထားကြသည်။

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) အနေဖြင့် ၂၀၁၂ ခုနှစ် တက္ကသိုလ်အဆင့် တိုးမြှင့်ခဲ့သည့်အချိန်မှစ၍ ယနေ့အချိန်ထိ ကျောင်းသား ကျောင်းသူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်ပြီး နှစ်စဉ်နှစ်တိုင်း Job Fair နှင့် Career Fair ကို ကျင်းပပေးခဲ့ကြောင်း သိရသည်။

**ဦးဦးတင်သိန်း**

# တနင်္သာရီမြို့နယ်အတွင်း နေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်

တနင်္သာရီ ဖေဖော်ဝါရီ ၂၆

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက တနင်္သာရီမြို့နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူ ၂၃၃ ဦးအတွက်အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနား ကျင်းပသည်။

## ရှင်းလင်းပြောကြား

အခမ်းအနားတွင် တနင်္သာရီမြို့နယ် အမှတ်(၂)စစ်နယ်မြေမှူး ဗိုလ်မှူးကြီးမျိုးမင်းသူက အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်က ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ပတ်သက်သည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၂)စစ်နယ်မြေမှူး ဗိုလ်မှူးကြီး မျိုးမင်းသူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက နေရပ်စွန့်ခွာ ပြည်သူများအတွက် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ စီ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**




# တောင်ဥက္ကလာပမြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်

တောင်ဥက္ကလာပ ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်အတွင်းသို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာ ရောက်ရှိလာသောပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် တစ်ဦးလျှင်ငွေကျပ် ၂၀၀၀၀ နှုန်းစီထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက အမှတ်(၁၄)ရပ်ကွက် ဥက္ကလာပစေတီဝင်းရှိ မုနိဓမ္မာရုံကြီး၌ ပေးအပ်သည်။



ဦးစွာ သဃ်္ဃန်းကျွန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်က ယာယီနေရပ်စွန့်ခွာပြည်သူများအား ငွေကျပ်၂၀၀၀၀ နှုန်းစီထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြတ်မိုးနှင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာ ပြည်သူ ၅၆၆ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် လက်ဝယ်အရောက်ပေးအပ်ခဲ့ပြီး ကျန်ရှိသော ယာယီနေရပ်စွန့်ခွာ ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်မိသားစုဝင်များ ၅၆၅ ဦးကို တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း ဆက်လက်ပေးအပ်သည်။

တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများမှ သက်ကြီးရွယ်အိုနှင့် ကျန်းမာရေးမကောင်း၍ စုရပ်သို့ ငွေထုတ်မလာရောက်နိုင်သူများကို အိမ်တိုင်ရာရောက်သွားရောက်ပြီး လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❍ MFF မှ

ပွဲစဉ် (၁၅) အပြီးတွင် TG United အသင်းက ၃၇ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး Pacific Sun Far အသင်းက ၃၃ မှတ်၊ 7 Dragon အသင်းက ၂၉ မှတ်၊ Gold Dream အသင်းက ၂၆ မှတ်၊ JZ Yangon အသင်းက ၂၅ မှတ်၊ Black Cross အသင်းက ၂၃ မှတ်၊ YCDC Marga Youth အသင်းက ၂၂ မှတ်၊ လက်ဝဲသုန္ဒရအသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းက ၁၄ မှတ်စီ၊ KKY အသင်းက ၁၁ မှတ်၊ 7 Brother အသင်းနှင့် Maryar အသင်းတို့က ၁၀ မှတ်စီ ရရှိထားသည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MFF**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်

ထားဝယ် ဖေဖော်ဝါရီ ၂၆

၂၀၂၅ ခုနှစ်၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ဆက်ကပ်လှူဒါန်း**

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက လာမည့်တစ်ပေါင်းလပြည့်နေ့တွင် နှစ်စဉ်နှစ်တိုင်းကျင်းပလျက်ရှိသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ကျင်းပနိုင်ရန်အတွက် ကြိုတင်အစည်းအဝေးခေါ်ယူခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဘွဲ့တံဆိပ်တော်အချို့ကို နေပြည်တော်တွင် ဆက်ကပ်မည်ဖြစ်ပြီး ကျန်ဘွဲ့တံဆိပ်တော်များကို တိုင်းဒေသကြီးများတွင် တစ်ပြိုင်တည်း ဆက်ကပ်မည်ဖြစ်ကြောင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသည် ဆရာတော်ကြီးများ၏ ဂုဏ်ပူဇော်ပွဲဖြစ်ကြောင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအား စည်ကားစွာကျင်းပနိုင်ရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေး ပေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဝင်များက အခမ်းအနားပြင်ဆင်ရေး၊ ဖိတ်ကြားရေး၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့်မှတ်တမ်းတင်ရေး၊ သံဃာတော်များပင့်လျှောက်ရေး၊ ဧည့်သည်တော်များကြိုဆိုနေရာချထားရေးနှင့် သယ်ယူပို့ဆောင်ရေး၊ လှူဖွယ်ပစ္စည်းများဆက်ကပ်ရေး၊ ဆွမ်းဆန်စိမ်းလောင်းလှူရေး၊ လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှု စသည့်လုပ်ငန်းများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ဂန့်ဂေါမြို့ မြို့မဈေး၌ မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်

ဂန့်ဂေါ ဖေဖော်ဝါရီ ၂၆

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ မြို့မဈေးတွင် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည်။



**စစ်ဆေး**

ဦးစွာ မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်ခြင်းကို ခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းထက်အောင် ဦးဆောင်သည့် ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ပူးပေါင်းကာ မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းများဆောင်ရွက်၍ ဈေးအတွင်းရှိ ရေစင်၊ ရေကန်နှင့် မီးသတ်ရေပုံတ်တို့မှ ရေပက်ဖျန်းနိုင်မှုများကို စစ်ဆေးသည်။

ထို့ပြင် မြို့မဈေးအတွင်း/အပြင်ရှိ ဈေးဆိုင်ခန်းများနှင့် စားသောက်ဆိုင်များတွင် ရောင်းချသည့် ကုန်ပစ္စည်းပမာဏနှင့် ထားရှိသည့်မီးသတ်ဆေးဘူးပမာဏ ကိုက်ညီမှု ရှိ၊ မရှိ၊ မီးလောင်စေနိုင်သည့် ကုန်ပစ္စည်းများ မြောက်မြားစွာ သိုလှောင်ထားခြင်း ရှိ၊ မရှိ၊ မီးသတ်ဆေးဘူး အသုံးပြုရမည့် နည်းလမ်းများ၊ လုံခြုံရေးမီးနှင့် အပြင်ဆိုင်ခန်းများတွင် သွယ်တန်းထားသော လျှပ်စစ် ဝိုင်ယာကြိုးများ ညွှန်ကြားချက်နှင့်အညီ ခံနိုင်ဝန်အားပမာဏကို သုံးစွဲထားမှုရှိ၊ မရှိ၊ ဆိုလာမီးအသုံးပြုသည့် ဆိုင်ခန်းများတွင် မီးဘေးအန္တရာယ် ကင်းရှင်းစေရေးတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

မောင်မျိုးမင်း(ပြန်/ဆက်)

## ကဝမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် နည်းဥပဒေများ ရှင်းလင်းဆွေးနွေး

ကဝ ဖေဖော်ဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မြို့နယ်ခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့က ဦးစီးပြုလုပ်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် နည်းဥပဒေများ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနား ကျင်းပသည်။



အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် နည်းဥပဒေများအား ရှင်းလင်းဆွေးနွေး ပြောကြားပြီး အခမ်းအနားတက်ရောက်လာသည့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ ပရဟိတ အသင်းအဖွဲ့များက သိလိုသည့် အချက်များကို မေးမြန်း ဆွေးနွေးခဲ့ရာ ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားပြီး ပြည်သူ ၄၃၀ တက်ရောက်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက် နှိမ်နင်းရေးအဖွဲ့ (မြို့ပြ)နှင့်(လှုပ်ရှား) ၅၀ တို့အား တွေ့ဆုံ၍ အားပေးစကားများ ပြောကြားကာ ကြက်ဥနှင့် အသင့်စား ခေါက်ဆွဲခြောက်ထုပ်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၂-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၁၅ | ၃၃၂၅ | ၃၂၉၅ | ၃၂၃၀ | ၃၃၃၅ | ၃၃၅၀ | ၃၃၆၅ | ၃၂၈၅ | ၄၅၀၅ | ၃၅၈၀ | ၃၃၀၀ | ၃၃၀၅ | ၃၃၇၅ | ၃၃၄၀ | ၃၃၆၀ | ၃၆၁၅ |
| 95 Ron | ၃၂၇၀ | ၃၃၈၅ | ၃၃၅၀ | ၃၂၈၅ | ၃၃၉၀ | ၃၄၀၅ | ၃၄၂၅ | ၃၃၄၀ | ၄၅၆၀ | ၃၆၃၅ | ၃၃၆၀ | ၃၃၆၀ | ၃၄၃၀ | ၃၃၉၅ | ၃၄၂၀ | ၃၆၇၅ |
| HSD (500 ppm) | ၂၇၆၅ | ၂၈၈၀ | ၂၈၄၅ | ၂၇၈၀ | ၂၈၈၅ | ၂၉၀၀ | ၂၉၂၀ | ၂၈၃၅ | - | ၃၁၃၀ | ၂၈၅၅ | ၂၈၅၅ | ၂၉၂၅ | ၂၈၉၀ | ၂၉၁၀ | ၃၁၇၀ |
| HSD (50 ppm) | ၃၄၂၅ | ၃၅၃၅ | ၃၅၀၅ | ၃၄၄၀ | ၃၅၄၅ | ၃၅၆၀ | ၃၅၇၅ | ၃၄၉၅ | ၄၈၃၀ | ၃၇၉၀ | ၃၅၁၀ | ၃၅၁၅ | ၃၅၈၅ | ၃၅၅၀ | ၃၅၇၀ | ၃၈၂၅ |
| HSD (10 ppm) | ၃၄၂၅ | ၃၅၃၅ | ၃၅၀၅ | ၃၄၄၀ | ၃၅၄၅ | ၃၅၆၀ | ၃၅၇၅ | ၃၄၉၅ | - | ၃၇၉၀ | ၃၅၁၀ | ၃၅၁၅ | ၃၅၈၅ | ၃၅၅၀ | ၃၅၇၀ | ၃၈၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၃၈ | ၃၁၃၂ |
| 95 Ron | ၃၀၉၄ | ၃၁၈၉ |
| HSD (500 ppm) | ၂၆၀၄ | ၂၆၈၅ |
| HSD (50 ppm) | ၃၂၄၁ | ၃၃၃၆ |
| HSD (10 ppm) | ၃၂၄၁ | ၃၃၃၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၁၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မင်းလှမြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

မင်းလှ ဖေဖော်ဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်မီးသတ်ဦးစီးဌာနက မင်းလှမြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

မီးဘေးကာကွယ်ရေးသရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တာဝန်ခံ ဦးစိန်ဝင်းတို့ ပူးပေါင်းကာ မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ကားများဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးအား လက်တွေ့အသုံးပြုပြသခြင်း၊ ဂက်(စ်)မီးငြိမ်းသတ်နည်းတို့ကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်သည်။

အဆိုပါ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှဋ္ဌေး၊စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒေါ်သီတာဝင်းနှင့် ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူ ဈေးသားများ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် အမျိုးသားတစ်ဦး လက်နက် / ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်း ဒေသကြီး ကလေးဝမြို့နယ်အတွင်း လုံခြုံရေး ဆောင်ရွက်လျက်ရှိသော တပ်မတော်စခန်းသို့ ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် ကလေးခရိုင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ တပ်ရင်း(၉)မှ တပ်စိတ်မှူးအဆင့်ရှိသူ ဖိုးသကြိန်(ခ) တန်ခူး (ဘ) ဦးချစ်ဖေသည် ၎င်းကိုင်ဆောင်သည့် Type-81 သေနတ်တစ်လက်၊ ၎င်းကျည် ၁၂၅ တောင့်၊ ကျည်အိမ် သုံးခု၊ လက်ပစ်ဗုံးတစ်လုံးတို့နှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူအား စစ်ဆေးမေးမြန်းချက်အရ ၎င်းသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှ မတ် ၂၁ ရက်အထိ မော်လိုက်မြို့နယ် အုတ်ဖိုကျေးရွာ၏ အရှေ့တောင်ဘက် မိုင် ၁၃၅၀ ခန့်အကွာ နေရာရှိ ကလေးခရိုင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ တပ်ရင်း(၉) စခန်းဟောင်း၌ အကြမ်းဖက် သင်တန်းအား တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းဆင်းပြီးနောက် အဆိုပါ စခန်းဟောင်း၌ လူနေတဲများ ဆောက်လုပ်ခြင်း၊ ဆက်သွယ်ရေးမြောင်းများ တူးဖော်ခြင်းနှင့် အထွေထွေ တာဝန်များ ထမ်းဆောင်ခဲ့ရပြီး ၂၀၂၃ ခုနှစ် ဧပြီလခန့်တွင် ဒုတပ်စိတ်မှူးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရကြောင်း၊ ထို့နောက် ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် ၎င်းအပါအဝင် အဖွဲ့ဝင်သုံးဦးသည် ကလေးဝမြို့နယ် ကျွဲနန်ကျေးရွာ၏ တောင်ဘက်ရှိ တောင်ယာတဲတွင် နေထိုင်လျက်ရှိသော PDF အမည်ခံ အကြမ်းဖက်အဖွဲ့အင်အား ၃၀ ခန့်ရှိ အဖွဲ့ထံ သွားရောက်ပူးပေါင်း နေထိုင်ခဲ့ပြီး ချင်းတွင်းမြစ်အတွင်း၌ တပ်မတော် ရေယာဉ်များ ဖြတ်သန်းသွားလာခြင်း ရှိ/မရှိ အား စောင့်ကြည့်ခြင်းများ လုပ်ဆောင်ခဲ့ရကြောင်း၊ ထိုမှတစ်ဆင့် ၂၀၂၄ ခုနှစ်အောက်တိုဘာ ၂၀ ရက်တွင် ခေါမကျေးရွာ၏ အနောက်မြောက်ဘက်ရှိ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အား ၅၀ ခန့် နေထိုင်သည့်စခန်းသို့လည်းကောင်း၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အား ၂၀ ခန့်နေထိုင်သည့် ကလေးဝ-အောင်ချမ်းသာ ကားလမ်းဘေး ထန်းတပင်ကာကင်း စခန်းသို့လည်းကောင်း အဆင့်ဆင့် ပြောင်းရွှေ့နေထိုင်ခဲ့ရကြောင်း၊ ၎င်းအနေဖြင့် အကြမ်းဖက်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိစဉ် PDFအကြမ်းဖက်အဖွဲ့များက ပြည်သူလူထုအပေါ် အနိုင်ကျင့် ဆက်ကြေး ကောက်ခံနေမှု၊ လက်နက်အားကိုးဖြင့် အနိုင်ကျင့်မှု၊ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ သတ်ဖြတ်နေမှုတို့ကို သိမြင်လာခဲ့ပြီး အဆိုပါ လုပ်ရပ်များအား မနှစ်သက်ခြင်း၊ ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်လိုခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်ပြီး လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။



ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ ဖိုးသကြိန်(ခ)တန်ခူးနှင့် လက်နက်/ခဲယမ်းများကို တွေ့ရစဉ်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူအား ကလေးတပ်နယ်မှ တာဝန်ရှိသူများက နွေးနွေးထွေးထွေး ကြိုဆိုလက်ခံခဲ့ကြပြီး လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များအားလုံး အဆင်ပြေစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးထားကြောင်းနှင့် ၎င်းနှင့် ၎င်းမိသားစုဝင်များ၏ ဘေးအန္တရာယ်ကင်းရှင်းရေး အတွက်လည်း လိုအပ်သည့် လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ၏ ထုတ်ဖော်ပြောဆိုမှုများကို ယခုကဲ့သို့ ကြားသိရသည် -

ကျွန်တော်ကတော့ ကလေးခရိုင် PDF တပ်ရင်း(၉)က လက်နက်ခဲယမ်း အပြည့်အစုံနဲ့ ဒကစ(ကလေး)ကို အလင်းဝင်တဲ့ ဖိုးသကြိန်ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ဇာတိကတော့ ကလေးဝမြို့နယ် ဇီးဆောက်ရွာဖြစ်ပါတယ်။ ရွာမှာ တောင်သူလုပ်ကိုင်နေစဉ် တပ်မတော်က နိုင်ငံတော်ကို အာဏာထိန်းလိုက်တာကို မကျေနပ်လို့ လက်နက်ကိုင်တော်လှန်ခဲ့တဲ့ အကြမ်းဖက်အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါတယ်။ PDF ထဲမှာ ကျွန်တော့်ရဲ့ လက်ရှိရာထူးက တပ်စိတ်မှူးရာထူးအဆင့် အထိ နှစ်နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ PDF ထဲမှာနေခဲ့တဲ့ ကာလတစ်လျှောက်လုံး ကင်းတွေထွက်ရတယ်။ ကာကင်းတွေထွက်ရတယ်။ အဲဒါတွေတော့ လုပ်ခဲ့ရပါတယ်။ ရွာထဲတွေဝင် ဆက်ကြေးဝင် ကောက်ခံတာတို့၊ စားသောက်ဖွယ်ရာတွေ ရှာဖွေတွေ့ရင် ယူတာတွေ လုတာတွေတော့ ရှိခဲ့ပါတယ်။ PDF ခေါင်းဆောင်တွေ ကတော့ ဆက်ကြေးငွေမပေးတဲ့သူတွေကို သူတို့ ဘယ်လိုလုပ်တယ်ဆိုတာ တချို့ကိစ္စတွေမှာ ကျွန်တော်တို့ မသိတဲ့အရာတွေတော့ ရှိတယ်ခင်ဗျ။ သူတို့ဘာသာပြီးသွားတဲ့ ကိစ္စမျိုးတွေတော့ လုပ်ခဲ့တာတွေ ရှိတယ်။

ဖမ်းပြီးတော့ နှိပ်စက်တာမျိုးတွေရှိခဲ့ပါတယ်ခင်ဗျ။ သူတို့က တစ်ဆင့်နဲ့တစ်ဆင့် ကြီးနိုင်ငယ်ညှဉ်းလုပ်နေတာတွေက များပြီး သူတို့ပြောတာတခြား လုပ်တာတခြား ဒါမျိုးတွေတော့ရှိပါတယ်။ တခြားဖြစ်စဉ်ဖြစ်တဲ့ ကာယိန္ဒြေဖျက်ဆီးတာတွေရှိခဲ့တယ်။ အဲဒါမျိုးတွေလည်း ရှိခဲ့ပါတယ်။ တချို့အမျိုးသမီးတွေဆိုရင် သူတို့ဘာသာသူတို့ တပ်ထဲကနေ ထွက်ပြေးသွားတာတွေရှိတယ်။ အဆုံးစီရင်သွားတာမျိုးတွေ ရှိတယ်။ အဲဒီလိုမျိုးဖြစ်စဉ်မျိုးတွေ မကြာခဏတော့ ဖြစ်ပါတယ်ခင်ဗျ။

PDF ထဲမှာတော့ စောစောက သူတို့ပြောခဲ့တာကတစ်မျိုး လုပ်နေတာကတစ်မျိုးတွေ။ ပြီးရင် ကျွန်တော်တို့ကိုယ်တိုင်ကလည်း လုပ်နေတာက တစ်မျိုးတွေဆိုတော့ သူတို့ရဲ့ လုပ်ရပ်နဲ့အပြောနဲ့ ဘယ်လိုမှကိုမကိုက်ညီတဲ့အတွက်



ဒီဥပဒေဘောင်နဲ့ တပ်မတော်ဘက်ကိုလာပြီးတော့ အလင်းဝင်တာဖြစ်ပါတယ်။ ကျွန်တော် အလင်းမဝင်ခင်ကတော့ စဉ်းစားပါသေးတယ်။ အလင်းဝင်ရင် တပ်မတော်က ဘယ်လိုတွေဖြစ်မလဲ။ ကျွန်တော့်ရဲ့ အသက်အာမခံကရော ရှိပ့ါမလား ကျွန်တော် တွေးပါသေးတယ်။ နောက်ပိုင်းတော့ ဘယ်လိုပဲနေနေ ဟိုထဲမှာ နေရတာထက်စာရင် ဒီဘက်မှာနေရတာကမှ ကောင်းမယ်ဆိုတဲ့ အတွေးတစ်ခုကော၊ ပြီးရင် ဒီဘက်မှာက ဘယ်လိုပဲနေနေ၊ ဘာပဲဖြစ်ဖြစ်၊ ဘယ်လိုအန္တရာယ်ပဲဖြစ်ဖြစ် ဆိုပြီးတော့ ကျွန်တော် အလင်းဝင်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့အတွေးနဲ့ ဒီမှာရောက်တော့ ကြိုဆိုတဲ့ပုံစံက လုံးဝတခြားစီဖြစ်ပါတယ်။ ဒီမှာ နွေးနွေးထွေးထွေး ကျွန်တော့်ကို ကြိုပါတယ်။ တပ်ကလည်း နွေးနွေးထွေးထွေး ကြိုတယ်။ ကောင်းကောင်းမွန်မွန် လည်း ထားပါတယ်။ ကျွန်တော့်ရဲ့ ရည်ရွယ်ချက် အဓိကကတော့ ဟိုဘက်မှာ လုံးဝမနေချင်တဲ့အတွက် ကိုယ့်မိသားစုနဲ့ပဲ အေးအေးဆေးဆေး နေချင်တဲ့အတွက်ကြောင့် အလင်းဝင်ခဲ့ရခြင်းဖြစ်ပါတယ်။ ကျန်နေခဲ့တဲ့ ရဲဘော်တွေ၊ ညီအစ်ကိုတွေ အလင်းဝင်ဖို့အတွက် မဝင့်မရဲ ဖြစ်နေတဲ့ဟာတွေ သူတို့ပြောတာတွေကတခြားစီပါ။ ကျွန်တော်ကိုယ်တိုင် ဒီဒကစ(ကလေး)ကို အထဲကိုရောက်နေပါပြီ။ လူကြီးတွေလည်း သူတို့အဆင့်ဆင့် နွေးနွေးထွေးထွေးနဲ့ ကြိုဆိုတယ်။ ကောင်းကောင်းမွန်မွန်လည်းထားတယ်။ အဲဒီတော့ စိုးရိမ်စရာလည်း မရှိပါဘူး။ စိတ်ချလက်ချနဲ့ အမြင်မှန်ရပြီးတော့ ကျွန်တော်နဲ့အတူတူ ဒီကို အလင်းဝင်ဖို့အတွက် လာရောက်ဖို့အတွက်လည်း ဒီက လူကြီးတွေ ပြောနေပါတယ်။ အလင်းဝင်ဖို့ အတွက်လည်း ခေါ်နေပါတယ်။ အဲဒါဆိုတော့ ကျွန်တော့်ကိုသာ ကြည့်ပါ။ ကျွန်တော် ကောင်းကောင်းမွန်မွန် ရှိပါတယ်။ ဒဏ်ရာဒဏ်ချက်တစ်ခုမှလည်းမရပါဘူး။ တစ်ချက်မှလည်း မရှိပါဘူး။ နှိပ်စက်တာတွေ မရှိပါဘူး။ သူတို့ပြောထားတဲ့ အတိုင်းနဲ့ လုံးဝတခြားစီဖြစ်နေပါတယ်။ ဒီမှာနွေးနွေးထွေးထွေးနဲ့လည်း ကြိုဆိုတယ်။ ကောင်းကောင်းမွန်မွန် လည်း ထားတယ်။ အစစအရာရာ အကုန်အဆင်ပြေတယ်။ ကျွန်တော်နဲ့အတူ အလင်းဝင်ဖို့အတွက် ဖိတ်ခေါ်ပါတယ်လို့ ပြောချင်ပါတယ်။ ရဲရဲဝံ့ဝံ့သာ လာခဲ့ပါလို့ ကျွန်တော်တို့ရဲ့ ကျန်တဲ့ညီအစ်ကိုတွေ၊ ရဲဘော်တွေ အကုန်လုံးကို ကျွန်တော် ဒီနေရာကနေပြီးတော့ ပြောချင်ပါတယ်။

**သတင်းစဉ်**




စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် အမျိုးသားတစ်ဦး လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာမှု ဖြစ်စဉ်ပြပုံ။

# မြိုင်မြို့နယ် ကျောင်းကုန်းကျေးရွာနှင့် သံပုရာခြံကျေးရွာရှိ နေအိမ် အလုံး ၃၀ ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကျောင်းကုန်းကျေးရွာနှင့် သံပုရာခြံကျေးရွာရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်မီးရှို့ခဲ့၍ နေအိမ် အလုံး ၃၀ မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်၊ ဥစ္စာကို ကာကွယ် စောင့်ရှောက်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ အေးချမ်းစွာနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများထံမှ ဆက်ကြေးကောက်ခံခြင်းနှင့် လူသစ်စုဆောင်းခြင်းများအား အဓမ္မလုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အလိုကျ လိုက်ပါလုပ်ဆောင်ခြင်းမရှိသည့် မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ၎င်းတို့အပေါ် ကြောက်ရွံ့နာခံလာစေရန် အတွက် ခေါင်းစဉ်အမျိုးမျိုးပြ၍ မီးရှို့ဖျက်ဆီးလျက်ရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ လူမဆန်သည့် လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ ယခုကဲ့သို့ သတင်းအမှားများကို




လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ်၊ စနစ်သစ် Grade 12 တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ် အထောက်အကူပြု သိကောင်းစရာများ

ဒေါက်တာရဲမြင့်အောင်၊ ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

မင်္ဂလာပါတပည့်တို့။ ဒီကနေ့ဆွေးနွေးမှာကတော့ ၂၀၂၅ ခုနှစ်၊ မတ်လမှာကျင်းပမယ့် စနစ်သစ် Grade 12 တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကိုဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်စေဖို့ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာနဲ့ မေးခွန်းပုံစံတို့ပဲ ဖြစ်ပါတယ်။

Grade 12 ဓာတုဗေဒပြဋ္ဌာန်းစာအုပ်မှ အခန်း ၈ ခန်း ကို ဓာတုဗေဒဘာသာရပ်ရဲ့ ဘာသာရပ်ခွဲများဖြစ်တဲ့ Inorganic Chemistry, Physical Chemistry, Organic Chemistry နဲ့ Environmental Chemistry ဆိုပြီး အပိုင်း ၄ ပိုင်း ပါဝင်ပါတယ်။ အခန်း ၁ နဲ့ ၆ ကတော့ Inorganic Chemistry၊ အခန်း ၂၊ ၃၊ ၄ နဲ့ ၅ ကတော့ Physical Chemistry၊ အခန်း ၇ ကတော့ Environmental Chemistry ဖြစ်ပြီး အခန်း ၈ က Organic Chemistry ဖြစ်ပါတယ်။

**Chapter 1 Chemical Bonding and Intermolecular Forces** သင်ခန်းစာဟာ အက်တမ်များအကြား bond ဖြစ်ပေါ်မှုအပြင် molecular structures and shapes တွေကိုပါ သိရှိနိုင်တဲ့သင်ခန်းစာပဲ ဖြစ်တယ်။ Section အလိုက်လေ့လာမည်ဆိုလျှင်–

### 1.1 BASIC CONCEPTS TO UNDERSTAND CHEMICAL BONDING

Atomic orbital တစ်ခုချင်းစီမှာ electrons ဖြည့်ဝင်ပုံကို သေချာစွာနားလည်ရပါမည်။ Electronic configurations တွေမှာ Aufbau principle အရ electron တွေကို energy level အနည်းအများအလိုက် 1s 2s 2p 3s 3p 4s 3d 4p ----- စသည်ဖြင့် ဖြည့်ဝင်ရမှာဖြစ်ပါသည်။

**Electronic configuration of potassium**

Hydrogen ($_1$H)မှ argon ($_{18}$Ar)ထိ electronic configuration ဖော်ပြရာတွင် shell number အစဉ်တိုင်း ဖြည့်သွင်းလာရမည်ဖြစ်သည်။ သို့သော် Potassium ($_{19}$K) ၏ electronic configuration ကို ဖော်ပြပါက အပြင်ဘက်ဆုံး outer electron ကို *3d* subshell အစား *4s* subshell ကို အရင်ဖြည့်သွင်းရပါမည်။ energy level အရ *4s* က *3d* ထက် နိမ့်၍ ဖြစ်ပါသည်။ (because the *4s* is below the *3d* in terms of its energy). Potassium ရဲ့ electronic configuration ကို $1s^2\ 2s^2\ 2p^6\ 3s^2\ 3p^6\ 4s^1$ ဟု ဖော်ပြနိုင်ပါသည်။

Atomic orbital တစ်ခုချင်းစီမှာ electrons ဖြည့်ဝင်ပုံကို သေချာစွာ နားလည်ဖို့အတွက် fundamental principles and rules တွေဖြစ်တဲ့ Aufbau principle, Pauli's exclusion principle, and Hund's rule တို့ကိုနားလည်ရမှာဖြစ်ပါတယ်။

### 1.2 IONIC BONDING

Metal နှင့် non-metal atoms နှစ်ခုအကြား electronegativity difference (>1.8) ပေါ်မူတည်ပြီး ionic bonding ဖြစ်နိုင်သည်။ Ionic bonding ဖြစ်ပေါ်ပုံကို Lewis symbols ဖြင့် ရေးဆွဲလေ့လာနိုင်သည်။

ဥပမာ NaCl နှင့် MgO မှာဆိုရင် $Mg^{2+}$ နှင့် $O^{2-}$ အကြား ဆွဲအားသည် $Na^+$ နှင့် $Cl^-$ အကြား ဆွဲအားထက် ပိုကောင်းသည်။ anions တွေတူညီနေလျှင် ကျန် cations တွေ၏ အရွယ်အစားနှင့် နှိုင်းယှဉ်နိုင်သည်။ size ငယ်လေလေ ဆွဲအားများလေလေဖြစ်သည်။ ဥပမာ NaCl နှင့် KCl မှာဆိုလျှင် anion ($Cl^-$) အတူတူဖြစ်၍ Na နှင့် K မှာ size ငယ်သော NaCl က ပိုပြီးဆွဲအားကောင်းသည်။




### 1.3 COVALENT BONDING

Covalent bonding ဖြစ်ပေါ်တဲ့နေရာမှာ atoms တွေရဲ့ outermost orbitals တွေ overlap ဖြစ်သွားပြီး bonding atoms တွေရဲ့ unpaired valence electrons တွေကို ဝေမျှသုံးကြသည်။ Paired valence electrons တွေကတော့ bonding မှာ ပါဝင်မှုမရှိပေ။ Coordinate bond (သို့) dative bond မှာ ဝေမျှသုံးမယ့် electron နှစ်လုံးကို ပေါင်းစပ်မယ့် atom နှစ်ခုအနက် atom တစ်ခုက ပေးခြင်းဖြစ်သည်။

**Drawing Lewis structures**

အဓိကသတိပြုရမှာကတော့ Lewis structure မှာ unshared paired electrons တွေကို ဖြည့်တဲ့အခါ molecule ရဲ့ element တိုင်းက octet rule ကိုလိုက်နာပြီး ဖြည့်ရမည်ဖြစ်ပါသည်။ ($H_2$ ကတော့ 2 electrons ပဲ share လုပ်ပါမည်။)

**Valence Shell Electron Pair Repulsion (VSEPR) theory**

VSEPR သီအိုရီ အရ shape ကို ခန့်မှန်းဖို့အတွက် –

1. molecule ရဲ့ Lewis's structure ကို ဆွဲပါ။
2. Central atom ကို ဝန်းရံနေတဲ့ electron pair ကို ရေတွက်ပါ။
3. Electron pair ရဲ့ geometry ကို ရှာဖွေပါ။
4. နောက်ဆုံးအဆင့်မှာ Molecular Shapes ကို ခန့်မှန်းနိုင်မှာ ဖြစ်ပါသည်။

**Table 1** Geometry of Electron Pairs and Molecular Shapes of Different Types of Molecules

| Type | Number of bonding pairs and lone pairs around the central atom | Geometry of electron pairs | Molecular shape | Example |
|---|---|---|---|---|
| $AX_2$ | 2, 0 | linear |  | $BeCl_2$, $CO_2$ |
| $AX_3$ | 3, 0 | triangular planar (trigonal planar) |  | $BF_3$ |
| $AX_2E$ | 2, 1 | triangular planar (trigonal planar) |  | $SO_2$ |
| $AX_4$ | 4, 0 | tetrahedral |  | $CH_4$, $CCl_4$ |
| $AX_3E$ | 3, 1 | tetrahedral |  | $NH_3$ |
| $AX_2E_2$ | 2, 2 | tetrahedral |  | $H_2O$ |

**Note: Symbol E represents the number of lone pairs.**

တချို့ covalent molecules တွေဟာ giant structures အဖြစ်တည်ရှိနေကြောင်း graphite နဲ့ silicon(IV) oxide တို့ရဲ့ giant structures များကိုလေ့လာပြီး သိရှိနိုင်မှာဖြစ်ပါတယ်။ Covalent molecules များဖြစ်တဲ့ HCl and $Cl_2$ molecules တွေရဲ့ covalent bond ဖြစ်ပေါ်နေတဲ့ atom နှစ်ခုအကြား electronegativity တန်ဖိုးခြားနားချက်နဲ့ bond polarity တို့ရဲ့ ဆက်သွယ်ချက်ကို သိရှိရမှာဖြစ်ပါတယ်။

### 1.4 INTERMOLECULAR FORCES

"Dipole moment" အကြောင်းနဲ့ polar covalent bond တစ်ခုမှာ dipole ရဲ့ direction ကို ညွှန်ပြတဲ့သင်္ကေတကို နားလည်သိရှိရမှာ ဖြစ်ပါတယ်။ $H_2O$ နဲ့ $CO_2$ molecules များရဲ့ bond dipoles နဲ့ dipole moments များမှတစ်ဆင့် polyatomic molecules များရဲ့ individual bond dipoles နဲ့ dipole moment of a molecule ကိုဖော်ပြနိုင်မှာ ဖြစ်ပါတယ်။

Dipole-dipole interaction နဲ့ ion-dipole interaction တို့ကို သိရှိနားလည်ထားရမှာ ဖြစ်ပါတယ်။ ဓာတ်ငွေ့ (ဥပမာ helium) atoms များအတွင်းဖြစ်ပေါ်တဲ့ London dispersion forces ဖြစ်တဲ့ induced dipole-induced dipole interaction အကြောင်းကိုလည်း နားလည်သိရှိရပါမယ်။ Hydrogen bonding ဖြစ်ပေါ်ရန် လိုအပ်ချက်များနဲ့ intermolecular hydrogen bond ဖြစ်ပေါ်ပုံကို ဥပမာများနှင့် ရှင်းလင်းဖော်ပြနိုင်ရမှာ ဖြစ်ပါတယ်။ Ion-dipole interactions ဟာ dipole-dipole interactions ထက်ပိုအားကောင်းရခြင်းမှာ ယင်းတို့ရဲ့ charge များအပေါ် မူတည်ကြောင်း ရှင်းလင်းစွာသိရှိလာမှာ ဖြစ်ပါတယ်။

### 1.5 METALLIC BONDING

Metallic bonding ဖြစ်ပေါ်ရာမှာ metal atoms တွေရဲ့ positive ions နဲ့ valence electrons တွေဟာ electron cloud (sea of electrons) ဖြစ်ပေါ်ပြီး metal atom nucleus များနဲ့ strong electrostatic attraction ရှိတဲ့အတွက် အလွန်ခိုင်မြဲကြောင်း သိရှိနိုင်မှာဖြစ်ပါတယ်။ Metallic bonding ရဲ့ strength ဟာ အချက် (၃) ချက်အပေါ်မူတည်ပြီး intermolecular forces တွေထဲမှာ ပိုမိုခိုင်မြဲတာကို သိရှိနားလည်ရမှာ ဖြစ်ပါတယ်။

**Chapter 2 Energy Changes in Chemical Reactions** မှာတော့ energy transformation နဲ့ သက်ဆိုင်တဲ့ နမူနာတွေကို တွေ့ရှိနိုင်မှာဖြစ်ပါတယ်။ စွမ်းအင်ဆိုတာ ဖျက်ဆီးပစ်၍ မရနိုင်သလို အသစ်ဖန်တီးရယူဖို့လည်း မဖြစ်နိုင်ကြောင်း Law of conservation of energy အရ သိရှိနိုင်မှာဖြစ်ပါတယ်။ Chemical energy ဆိုတာ ဒြပ်ပစ္စည်းတွေမှာရှိနေတဲ့ chemical bond တွေမှာ သိုလှောင်ထားတဲ့ စွမ်းအင်ဖြစ်ပါတယ်။ ဓာတ်ပြုခြင်းတစ်ခုမှာ ဓာတ်ပြုပစ္စည်းများနဲ့ ဓာတ်ဖြစ်ပစ္စည်းများရဲ့ chemical energy ခြားနားမှုကနေ စွမ်းအင်အသွင်နဲ့ထုတ်လွှတ်ခြင်း၊ စုပ်ယူခြင်းစတဲ့ ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာစေပါတယ်။

ပြင်ပက စွမ်းအင်ထောက်ပံ့ပေးဖို့မလိုအပ်ဘဲ ဖြစ်ပေါ်နိုင်တဲ့ဓာတ်ပြုခြင်းကို spontaneous reaction လို့ခေါ်ပါတယ်။ အကယ်၍ ပြင်ပကစွမ်းအင်ထောက်ပံ့ပေးမှ ဓာတ်ပြုခြင်းဖြစ်နိုင်မယ်ဆိုရင်တော့ ဒီဓာတ်ပြုခြင်းကို non-spontaneous reaction လို့ ခေါ်ပါတယ်။ ဓာတ်ပြုခြင်းဖြစ်ပေါ်နေတဲ့ နယ်ပယ်ကို system (စနစ်) လို့ခေါ်ပြီး ၎င်းနဲ့ထိစပ်နေတဲ့အရာမှန်သမျှကို surroundings (ဝန်းကျင်)လို့ သတ်မှတ်ပါတယ်။ Reaction ဖြစ်တဲ့နယ်ပယ် system ကနေ surroundings ဘက်သို့ အပူစီးကူးထုတ်လွှတ်ရင် exothermic reaction လို့ခေါ်ပြီး surroundings ဘက်က အပူကိုစုပ်ယူရင် တစ်နည်းအားဖြင့် အပူပေးရတဲ့ reaction တွေကို endothermic reaction လို့ သတ်မှတ်ကြောင်း သိရှိထားရမှာ ဖြစ်ပါတယ်။ Heat of combustion, heat of formation of a compound နဲ့ heat of neutralisation တွေနဲ့ပတ်သက်တဲ့ thermochemical equation တွေကိုရေးနိုင်ရန် လိုအပ်ပါတယ်။ Enthalpy change တိုင်းတာမှုနဲ့ပတ်သက်လို့ သိထားရမှာက – အရာဝတ္ထုတစ်ခုချင်းစီရဲ့ enthalpy တန်ဖိုးကို တိုက်ရိုက်မတိုင်းတာနိုင်ပေမယ့် calorimeter ကို အသုံးပြုပြီး ΔT တန်ဖိုးကို တိုင်းတာနိုင်ပါတယ်။ အဲဒီကတစ်ဆင့် ΔH တန်ဖိုးကို တွက်ချက်နိုင်ကြောင်း သိရှိနားလည်ရမှာဖြစ်ပါတယ်။ Hess's Law အရ reactant မှ product သို့ တိုက်ရိုက်ပြောင်းလဲသည်ဖြစ်စေ၊ ဓာတ်ပြုအဆင့်ဆင့်မှ product သို့ ရောက်ရှိသည်ဖြစ်စေ enthalpy ပြောင်းလဲခြင်း အတူတူပင်ဖြစ်ကြောင်း သိရှိနားလည်ရန် လိုအပ်ပါတယ်။ Standard state မှာရှိနေတဲ့ ဒြပ်စင်တွေရဲ့ enthalpy formation value ကို zero အဖြစ် မှတ်ယူရပါမယ်။

Enthalpy cycle ဆိုင်ရာ ပုစ္ဆာတွေတွက်ချက်ရာမှာ enthalpy change of formation နဲ့ enthalpy change of combustion တို့မှတွက်ယူရတဲ့ပုစ္ဆာတွေကိုလည်း စေ့စပ်လေ့ကျင့်ထားဖို့လိုအပ်ပါတယ်။ ပုစ္ဆာတွက်ချက်ရာမှာ physical states များ၊ သက်ဆိုင်ရာ ရူပဓာတုဆိုင်ရာသင်္ကေတများနဲ့ units တွေကိုလည်း မှန်ကန်စွာရေးသားနိုင်ဖို့ စနစ်တကျ လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။ Chemical Bond တစ်ခုကို

စာမျက်နှာ ၁၇ သို့ »»

»»» စာမျက်နှာ ၁၆ မှ

ဖြတ်ဖို့ သို့မဟုတ် chemical bond တစ်ခုဖြစ်ပေါ်ဖို့ လိုအပ်တဲ့စွမ်းအင်ကို bond energy သို့မဟုတ် bond enthalpy လို့ ခေါ်ပါတယ်။ သင်္ကေတကတော့ E ဖြစ်ပါတယ်။ Bond breaking အတွက် E တန်ဖိုးကို plus နဲ့ ဖော်ပြပြီး bond making အတွက် minus နဲ့ ဖော်ပြပါတယ်။ Chemical bond တစ်ခုအတွက် ဓာတ်စည်းပြတ်တောက်ခြင်းနဲ့ ဖြစ်ပေါ်ခြင်းတို့အတွက် လိုအပ်တဲ့ energy ပမာဏတူညီပြီး လက္ခဏာဆန့်ကျင်ဘက်ဖြစ်ကြောင်း သိရှိရန်လိုပါတယ်။

**Chapter 3 Chemical Kinetics: Rates of Reaction** မှာတော့ chemical reaction တစ်ခုမှာ reactant ကနေ product အဖြစ်ပြောင်းလဲတဲ့အခါ နှေးကွေးတဲ့ ပြောင်းလဲမှုရှိသလို မြန်ဆန်တဲ့ပြောင်းလဲမှုလည်း ရှိပါတယ်။ ဒီလိုလှုပ်ရှားပြောင်းလဲမှုတွေကို အချိန်နဲ့ဆက်စပ်တွက်ချက်လိုက်ရင် နှုန်းဆိုတာရရှိလာပါမယ်။ Dynamite ပေါက်ကွဲခြင်း၊ အစားအစာများပုပ်သိုးခြင်း၊ သံချေးတက်ခြင်း၊ ကျောက်စိုင်ကျောက်သားများ တိုက်စားခံရခြင်းတွေဟာ စက္ကန့်ပိုင်းကနေ နှစ်ကာလအတန်ကြာသည်အထိ အသီးသီးဓာတ်ပြုဖြစ်ပွားကြတာကို တွေ့ရမှာဖြစ်ပါတယ်။

Mg နှင့် HCl ဓာတ်ပြုခြင်းရဲ့ reaction rate ကို reactant ဖြစ်တဲ့ magnesium ရဲ့ mass ကနေ အချိန်နဲ့လိုက်ပြီး တွက်ချက်နိုင်သလို product အဖြစ် စုယူရရှိတဲ့ hydrogen gas ရဲ့ volume ကနေလည်း အချိန်နဲ့လိုက်ပြီး တွက်ချက်နိုင်တာကို သိရှိနားလည်ရပါမယ်။ ရှုထောင့်အမျိုးမျိုးကနေ rate ကို တွက်ချက်နိုင်တာမို့ rate ရဲ့ units တွေဟာ mass per time, volume per time, concentration per time ဆိုပြီးအမျိုးမျိုး ဖြစ်နိုင်ပါတယ်။ Rate of reaction ကိုသင်္ချာနည်းနဲ့ဖော်ပြရာမှာ reactant ကိုအခြေခံရင် အချိန်နဲ့လိုက်ပြီး concentration လျော့နည်းသွားတာဖြစ်လို့ minus sign နဲ့ ဖော်ပြရသလို၊ product ကို အခြေခံရင် အချိန်နဲ့လိုက်ပြီး concentration များလာတာဖြစ်လို့ plus sign နဲ့ ဖော်ပြတာကို သိရှိရမှာဖြစ်ပါတယ်။ Calculation မှာ အထူးသဖြင့် minus sign ကို ထည့်သွင်းတွက်ချက်ရန် လိုအပ်ကြောင်း သိရှိနားလည်ရပါမယ်။

ဓာတ်ပြုခြင်းတစ်ခုဖြစ်ပေါ်ရန် မော်လီကျူးတွေထိတိုက်တဲ့အခါမှာ မှန်ကန်တဲ့အနေအထား (correct orientation) ဖြစ်ဖို့လိုအပ်သလို successful collision ဖြစ်ဖို့အတွက် လုံလောက်တဲ့ စွမ်းအင်ပမာဏလည်း ရှိနေဖို့ အထူးလိုအပ်ပါတယ်။ Reaction တစ်ခုဖြစ်ဖို့အတွက် reacting particles တွေထိတိုက်ကြရပါမယ်။ အဲဒီလို ထိတိုက်ကြတဲ့အခါ လုံလောက်တဲ့ စွမ်းအင်တွေရလာကြပြီး activated complex ဖြစ်ပေါ်လာပါတယ်။ Reactant အခြေအနေကနေ activated complex ဖြစ်တဲ့အထိ စွမ်းအင်ခြားနားချက်ကို activation energy လို့ သတ်မှတ်ပါတယ်။ အဲဒီ complex ဖြစ်နေတဲ့အဆင့်ကို transition state လို့ ခေါ်ပါတယ်။ $[H_2I_2]$ ဟာ activated complex ဖြစ်ပါတယ်။ Reactants $H_2$ နဲ့ $I_2$ တို့ ထိတိုက်တဲ့အခါ လုံလောက်တဲ့ စွမ်းအင်ရရှိခဲ့ရင် ပုံမှာပြထားတဲ့ product HI ဖြစ်ပေါ်လာနိုင်ပေမယ့် ထိတိုက်မှုကနေ လုံလောက်တဲ့စွမ်းအင်မရရှိခဲ့ရင် energy barrier ကို မကျော်နိုင်တော့ပဲ reactant ဘက်ကို ပြန်ရောက်သွားနိုင်လို့ အဲဒီအဆင့်ဟာ reversible reaction ဆိုတာကို သတိထားရပါမယ်။

ဓာတ်ပြုနှုန်းအပေါ် သက်ရောက်စေနိုင်တဲ့အချက် ၆ ချက်ရှိပါတယ်။ Effect of concentration of reactants နဲ့ ပတ်သက်ပြီး zinc နဲ့ HCl ဓာတ်ပြုခြင်းတွင် HCl concentration ပိုများတဲ့ဘက်က ဓာတ်ငွေ့ပူဖောင်းထွက်ပေါ်မှုပိုများပြီး zinc အတုံးလေးက အရင်ပျော်ဝင်ပျောက်ကွယ်သွားတာကို တွေ့ရပါမယ်။

Concentration များလေ reactants တွေ ထိတိုက်ခြင်းများလေလေဖြစ်ပြီး ဓာတ်ပြုနှုန်းမြန်လေလေ ဆိုတာကို collision theory ကိုအခြေခံပြီး သိရှိနားလည်ရမှာဖြစ်ပါတယ်။ ပမာဏတူတဲ့ reactants တွေမှာ အရွယ်အစားငယ်လေလေ မျက်နှာပြင်ဧရိယာများပြီး ဓာတ်ပြုခြင်းမြန်လေလေဖြစ်တယ်။ အဲဒါကို အလူမီနီယမ် foil သို့မဟုတ် အလူမီနီယမ် powder ကို NaOH နှင့်ဓာတ်ပြုခြင်းတွေမှာ အလွယ်တကူ သိရှိနိုင်မှာဖြစ်ပါတယ်။

Pressure ရဲ့ သက်ရောက်မှုကိုပြောမယ်ဆိုရင် ဓာတ်ငွေ့များပါဝင်တဲ့ ဓာတ်ပြုခြင်းများနှင့်သာသက်ဆိုင်ပြီး solids, liquids နဲ့ aqueous solutions များအပေါ် သက်ရောက်မှုမရှိနိုင်တာကို သိထားရမှာဖြစ်ပါတယ်။ ဖိအားများရင် ဓာတ်ငွေ့ particles တွေရဲ့ ထိတွေ့မှုတွေများပြီး ဓာတ်ပြုနှုန်းတွေမြန်ကြောင်း သိရှိရမှာဖြစ်ပါတယ်။ Reaction rate နဲ့ temperature ဆက်စပ်မှုကိုလေ့လာရာမှာ အပူချိန်မြှင့်ပေးတာဟာ heat energy တိုးလာစေပြီး အမှုန်တွေရဲ့ kinetic energy တိုးလာစေတာကို သိရှိနိုင်ပါတယ်။ အပူချိန်မြင့်လေ reacting particles တွေရဲ့ လှုပ်ရှားမှုမြန်လာပြီး အချင်းချင်းထိတိုက်မှု များလာမှာဖြစ်ပါတယ်။ ထိုအခါ လုံလောက်တဲ့စွမ်းအင်ရရှိလာပြီး rate of reaction ပိုမြန်လာတာကို သိရှိနိုင်မှာဖြစ်ပါတယ်။ Activation energy ကို Boltzmann distribution curve နဲ့ လေ့လာနိုင်ပြီး အဲဒီကနေ အပူချိန်နဲ့ ဓာတ်ပြုနှုန်း ဆက်သွယ်ချက်ကို နားလည်သိရှိနိုင်မှာဖြစ်ပါတယ်။ Catalysts တွေမှာ ဓာတ်ပြုခြင်းကိုမြန်စေတဲ့ catalyst ရှိသလို နှေးစေတဲ့ catalyst လည်း ရှိပါတယ်။ Catalysts တွေဟာ physical states အမျိုးမျိုး ရှိနိုင်ပြီး သက်ဆိုင်ရာ reactants နဲ့ phase တူတာရှိသလို မတူတာတွေလည်းရှိကြောင်း homogeneous catalyst နဲ့ heterogeneous catalyst တွေကို လေ့လာခြင်းဖြင့် သိရှိနိုင်ပါတယ်။ Effect of light မှာတော့ photochemical reaction ကို နားလည်သိရှိနိုင်ပြီး အလင်းစွမ်းအင်ကြောင့် ဓာတ်ပြုနှုန်းကွာခြားပုံကိုလည်း collision theory အရ သိရှိနားလည်မှာ ဖြစ်ပါတယ်။

**Chapter 4, Chemical Equilibrium** ကို လေ့လာရာတွင် chemical reaction အများစုဟာ တစ်ဖက်သွားဓာတ်ပြုခြင်း (one–way process) ဖြစ်စဉ်များဖြစ်ကြပြီး တချို့ကတော့ အပြန်အလှန် ဓာတ်ပြုခြင်း (reversible reaction)တွေ ဖြစ်ကြပါတယ်။ အဲဒီဓာတ်ပြုခြင်းတွေမှာ forward နဲ့ reverse reaction တွေပါဝင်နေပြီး ယင်းဖြစ်စဉ်နှစ်ခုရဲ့ နှုန်းတွေတူညီသွားတဲ့အခါ မျှခြေ (equilibrium) အခြေကို ရောက်ရှိပါတယ်။ အဲဒီမျှခြေမှာ forward reaction နဲ့ reverse reaction တွေဟာ ရပ်တန့်ခြင်းမရှိဘဲ တူညီတဲ့ နှုန်းတွေနဲ့ ဆက်လက်ဖြစ်ပွားနေလို့ dynamic equilibrium လို့ သတ်မှတ်ခေါ်ဝေါ်ပါတယ်။ Reaction တွေရဲ့ physical states တွေအရ homogeneous နဲ့ heterogeneous equilibria တွေရှိကြောင်း သိရှိရမှာဖြစ်ပါတယ်။

အပူချိန်၊ ဖိအားနဲ့ ပါဝင်ကိန်းပြောင်းလဲခြင်းတွေက မျှခြေအပေါ် သက်ရောက်မှုများကို ခန့်မှန်းရာမှာ Le Chatelier’s Principle ဟာ အလွန်အသုံးဝင်ပါတယ်။ Concentration effect အနေနဲ့ reaction mixture မှာပါတဲ့ reactant သို့မဟုတ် product တစ်ခုခုရဲ့ ပါဝင်ကိန်းကိုတိုးလိုက်ရင် အဆိုပါတိုးလိုက်တဲ့ concentration effect ကို အသုံးပြုပြီး ပါဝင်ကိန်းနည်းတဲ့ဘက်ကိုဦးတည်ပြီး မျှခြေအခြေအနေသစ်တစ်ခုကို ရောက်ရှိမှာဖြစ်ပါတယ်။ Pressure ရဲ့သက်ရောက်မှုကတော့ ဓာတ်ငွေ့ပါတဲ့ ဓာတ်ပြုခြင်းများနဲ့သာ သက်ဆိုင်မှာဖြစ်ပါတယ်။ ဖိအားကိုတိုးခဲ့မယ်ဆိုရင် ထုထည်ကျုံ့စေမှာဖြစ်ပြီး ထုထည်နည်းတဲ့ဓာတ်ပြုခြင်းကို ဦးစားပေးဖြစ်ပေါ်မှာဖြစ်ပါတယ်။ ဖိအားလျော့ခဲ့ရင် ထုထည်များတဲ့ဘက်ကို ဦးတည်စေမှာဖြစ်ပါတယ်။ Reactant နဲ့ product တွေရဲ့ ထုထည်တူညီခဲ့ရင်တော့ ဖိအားသက်ရောက်မှု မရှိနိုင်ပါဘူး။ မျှခြေအခြေအနေမှာရှိနေတဲ့ ဓာတ်ပြုခြင်းတစ်ခုမှာ temperature ကို တိုးလိုက်တဲ့အခါ အပူစုပ်ဓာတ်ပြုခြင်းကို ဦးစားပေးပြီး မျှခြေဟာပြောင်းလဲသွားပါတယ်။ အပူချိန်လျော့ရင်တော့ အပူထုတ်ဓာတ်ပြုခြင်းကို ဦးစားပေးဖြစ်စေကြောင်း သိရှိနားလည်ရမှာဖြစ်ပါတယ်။

Le Chatelier’s Principle ကို စက်မှုလုပ်ငန်းတွေမှာ တွင်ကျယ်စွာအသုံးပြုနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ammonia နှင့် methanol production တွေမှာ အသုံးပြုတာကို လေ့လာနိုင်ပါတယ်။ Chemical equilibrium တစ်ခုရဲ့ မျှခြေကိန်းသေ $K_{eq}$ ကို molar concentration အားဖြင့် $K_c$ နှင့် gaseous equilibrium အတွက် $K_p$ စသဖြင့် ဖော်ပြနိုင်ကြောင်း သိရှိထားရမှာဖြစ်ပါတယ်။

**Chapter (5) ကတော့ Acid–Base Reactions** ဖြစ်ပါတယ်။ Acids and bases theories: **Arrhenius** Theory သည် H+ ions နှင့် OH– ions များကို အခြေခံ၍ acid–base ကို အဓိပ္ပာယ် သတ်မှတ်ထားကြောင်း သိရှိဖို့လိုအပ်ပါတယ်။ Strong acid နဲ့ weak acid ရဲ့ dissociation equation ကို မှန်ကန်စွာ ရေးသားဖော်ပြတတ်ရမှာဖြစ်ပါတယ်။ **Brønsted and Lowry Theory** အရဆိုလျှင် proton သို့မဟုတ် $H^+$ ion ပေးနိုင်မှု၊ လက်ခံနိုင်မှုကိုအခြေခံ၍ အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း သိရှိဖို့လိုအပ်ပါတယ်။ The concept of conjugated acid–base pairs ကို သင့်တော်သောဥပမာများနှင့် ရှင်းလင်းတတ်ရန် လိုပါတယ်။ Lewis acid–base theory ကို သင့်တော်သောဥပမာနှင့်တကွ ရှင်းလင်း ဖော်ပြတတ်ရမှာဖြစ်ပါတယ်။ **Lewis acid–base theory** မှာတော့ acid–base အဓိပ္ပာယ်ကို မော်လီကျူး သို့မဟုတ် ions ပေါ်ရှိ $e^-$ pair လက်ခံနိုင်မှုနှင့် ထုတ်ပေးနိုင်မှုတို့ဖြင့် အဓိပ္ပာယ်သတ်မှတ်ပေးထားပါတယ်။ သင့်တော်သော ဥပမာများနှင့် ရှင်းလင်းတင်ပြနိုင်ရမှာဖြစ်ပါတယ်။ Autoionisation of water နဲ့ acid–base property of water တို့ကို ရှင်းလင်းစွာ သိရှိထားရမှာဖြစ်ပါတယ်။

ရေမော်လီကျူး၏ acid–base ပြုမူပုံများ၊ ရေပြိုကွဲမှုဖြစ်စဉ်၊ The ionic product of water constant ($K_w$) တွက်ထုတ်ခြင်း၊ pH and pOH relationship နှင့် pH scale တို့ကိုလည်း နားလည်သိရှိရမှာဖြစ်ပါတယ်။ ထို့နောက် acid ပျော်ရည်၊ base ပျော်ရည်တို့၏ ionisation အကြောင်းကို လေ့လာမည်ဆိုပါက basicity of an acid နဲ့ acidity of a base သဘောတရားများကို ဥပမာများနှင့်တကွ ရှင်းလင်းတင်ပြနိုင်ဖို့ လိုအပ်ပါတယ်။ Acid ပြိုကွဲလျှင် ပြိုကွဲခြင်းကိန်းသေ $K_a$ နှင့် acid ပြင်းအား ဆက်သွယ်မှုတို့ကိုလည်း အလွယ်တကူ နားလည်သိရှိဖို့ လိုအပ်ပါတယ်။ အလားတူ base ပြိုကွဲခြင်းကိုလည်း acid ပြိုကွဲခြင်းကဲ့သို့ လေ့လာသိရှိထားရမှာဖြစ်ပါတယ်။

ဆားအမျိုးအစား ၄ မျိုး တို့ရဲ့ဆားတွေ ရေသွင်းဖြိုခွဲခြင်းဖြစ်တဲ့အခါ pH တန်ဖိုး မတူညီရတဲ့အကြောင်းအရင်းတွေကို ဆားနမူနာများနဲ့ အကျိုးအကြောင်းဆက်စပ် ဖြေဆိုတတ်ဖို့ လိုအပ်ပါတယ်။ Buffer ပျော်ရည်ဆိုတာက weak acid နှင့် ၎င်း၏ဆားပျော်ရည် သို့မဟုတ် weak base နှင့် ၎င်း၏ဆားပျော်ရည်တို့ပါဝင်သောပျော်ရည်အမျိုးအစားဖြစ်ပါတယ်။ ထိုပျော်ရည်များ၏ ဂုဏ်သတ္တိသည် dilution လုပ်ခြင်း၊ acid သို့မဟုတ် base အနည်းငယ်ထပ်ထည့်ခြင်းဖြင့် pH ပြောင်းလဲမှုကို ဟန့်တားနိုင်စေပါတယ်။ ၎င်းနှင့်ပတ်သက်သော တွက်ချက်မှုများ PROBLEM SOLVING ကိုလည်း ပြင်ဆင်ထားစေလိုပါတယ်။

**Chapter 6** ကတော့ **Transition Elements** တွေကို လေ့လာမှာဖြစ်ပါတယ်။ IUPAC definition အရ *d*–orbitals or subshells များတွင် **ē** အပြည့်ဖြည့်ဝင်ထားခြင်းမရှိသော ဒြပ်စင်အက်တမ်နှင့် ဓာတ်ဖိုအိုင်ယွန်းများကို ကြားဆက်ဒြပ်စင်များ(transition elements) ဟု သတ်မှတ်နိုင်ပါတယ်။ Transition elements တွေကို s–block နှင့် p–block ကြားတွင် တွေ့ရှိရပြီး *d*–block elements ဟုလည်း ခေါ်ဆိုပါတယ်။ အလှည့်ကျ ဇယားတွင် transition elements များကို Series ၃ ခု ခွဲထားသည့်အနက် $1^{st}$ Series ကို လေ့လာသွားမှာဖြစ်ပါတယ်။ $1^{st}$ Series ($_{21}Sc$ – $_{30}Zn$) တွင် transition elements ၁၀ ခု ပါဝင်ပါတယ်။ $_{21}Sc$ to $_{29}Cu$ သို့သွားရာတွင် ၎င်းတို့၏ nuclear charge သည် များလာပြီး atomic radii ဟာ ယေဘုယျအားဖြင့် ငယ်သွားတာကို တွေ့ရပါမယ်။ ဒါကြောင့် ionisation energy လည်း ယေဘုယျအားဖြင့် များလာပါတယ်။

Orbital တစ်ခုစီတွင် **ē** များ ဖြည့်ဝင်ပုံမှန်ကန်စွာဖြည့်တတ်စေလိုပါတယ်။ essential electronic structures များရေးသားတတ်ရပါမည်၊ ခြွင်းချက်အနေနှင့် 3*d* နှင့် 4*s* orbital တို့ဟာ energy တူညီလုနီးပါးရှိတာကြောင့် $_{24}Cr$ နှင့် $_{29}Cu$ မှာ 3d orbital ရဲ့ ပိုမိုတည်မြဲတဲ့ electron configuration ကိုရရှိရန် 4*s* မှ **ē** ကို ဖြည့်ဝင်ထားကြောင်း သိရှိဖို့လိုပါတယ်။ ယင်းတို့၏ သိရှိထားရမှာဖြစ်ပါတယ်။

Transition metals တွေရဲ့ physical properties ဖြစ်တဲ့ melting point နဲ့ boiling point တွေ မြင့်တက်ပြီး density လည်း များလာတာကို သိရှိနားလည်ဖို့လိုပါတယ်။ 1st series မှာရှိတဲ့ ဒြပ်စင်တွေရဲ့ variable oxidation states ရှိနေတာကိုလည်း သိရှိရမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာဒြပ်စင်များရဲ့ တည်မြဲတဲ့ oxidation state အပေါ်မူတည်ပြီး ယင်းတို့၏ oxidising property နှင့် reducing property တွေကို သိရှိလာမှာဖြစ်ပါတယ်။ Transition metal compounds တွေဟာ aqueous solution ထဲမှာ visible light ကို စုပ်ယူပြီး coloured compounds ဖြစ်လာခြင်းကို သက်ဆိုင်ရာ compound နဲ့ အရောင်တို့ကို တွဲဖက်လေ့လာ သိရှိထားရမှာ ဖြစ်ပါတယ်။ Transition metals တွေရဲ့ magnetic property ကိုလေ့လာနိုင်စေရန် paramagnetic, diamagnetic and ferromagnetic ဆိုပြီး (၃)မျိုး တင်ပြထားပါတယ်။ ထို (၃)မျိုးမှာ orbital တွင် **ē** ဖြည့်ရာ၌ **ē** စုံ ဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ်မူတည်၍ paramagnetic နဲ့ diamagnetic ကို ခွဲခြားနိုင်သလို applied magnetic field ဆွဲအားအပေါ်မူတည်၍ ferromagnetic property တို့ကိုလည်း နားလည်ထားရမှာ ဖြစ်ပါတယ်။ $1^{st}$ Series 3*d* transition elements တွေဟာ စက်မှုလုပ်ငန်းများတွင် catalysts အနေနှင့် အသုံးဝင်ပုံ၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုပုံနှင့် ဆေးပညာနယ်ပယ်တွင် အသုံးပြုခြင်းတွေကိုလည်း သိရှိနားလည်ဖို့ လိုအပ်ပါတယ်။

**Chapter 7 Chemistry and Green Environment** ကတော့ လူသားတွေရဲ့ တိုးတက်လာတဲ့ နည်းပညာများနဲ့ ယင်းတို့ရဲ့လုပ်ဆောင်မှုတွေဟာ ကမ္ဘာ့ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုအမျိုးစုံဖြစ်ပေါ်နေပြီး ကမ္ဘာ၏လေထု၊ ရေထုနှင့် မြေထုညစ်ညမ်းမှု ဖြစ်ပေါ်လျက်ရှိပါတယ်။ ဒါကြောင့် ယခုအခန်းမှာ carbon, nitrogen, phosphorus နှင့် sulphur တွေရဲ့ biogeochemical cycles များကို သိရှိနားလည်ထားဖို့ လိုအပ်ပါတယ်။ ၎င်း cycles များအပေါ် human activities တွေရဲ့ သက်ရောက်မှုများကို နားလည်ထားဖို့ လိုအပ်ပါတယ်။ ယခုတွေ့ကြုံနေရတဲ့ environmental problems တွေကိုလည်း သိရှိထားဖို့ လိုပါတယ်။

ပတ်ဝန်းကျင်မှာတွေ့ကြုံနေရတဲ့ ပြဿနာတွေ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေနဲ့ အမြဲစိမ်းလန်းရှင်သန်နေတဲ့ ပတ်ဝန်းကျင်ဖြစ်ပေါ်စေဖို့ ဆောင်ရွက်လိုက်နာသင့်တဲ့ လေ့ကျင့်မှုတွေနဲ့ 7R’s တို့ကို သေချာစွာသိရှိနားလည်ဖို့ လိုအပ်ပါတယ်။ အန္တရာယ်ရှိတဲ့ စွန့်ပစ်ပစ္စည်းတွေဖြစ်တဲ့ heavy metals နဲ့ ယင်းတို့ရဲ့ဒြပ်ပေါင်းတွေဟာ လူသားတို့၏ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ်ထိခိုက်မှု ညစ်ညမ်းစေသောဓာတ်ပစ္စည်းများနှင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုတို့ကိုလည်း heavy metals (arsenic, cadmium, lead, and mercury) နှင့် ထိုသတ္တုများ၏ ဒြပ်ပေါင်းများရှုထောင့်မှ ဖော်ပြပေးထားပါတယ်။ ဒို့အပြင် ပိုးသတ်ဆေးဓာတ်ကြွင်းများကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နေမှုများ၊ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သော အော်ဂဲနစ်ဓာတ်ကြွင်းများဖြစ်တဲ့ POPs နဲ့ V OCs တို့က

စာမျက်နှာ ၁၈ သို့ »»»

»»» စာမျက်နှာ ၁၇ မှ

လူသားတွေရဲ့ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ၎င်းတို့၏သက်ရောက်မှုများကို သိရှိနားလည်ဖို့ လိုပါတယ်။

Natural and man–made sources တွေကနေထွက်ပေါ်လာသော radiation တွေနဲ့ လူမှုပတ်ဝန်းကျင်ရှိ radioactive isotopes တွေရဲ့အသုံးဝင်ပုံ၊ radioactive wastes and radioactivity, radioactive pollutants and pollution တွေနဲ့ သဘာဝပတ်ဝန်းကျင်အပေါ် radioactive substances တွေကြောင့်ဖြစ်လာတဲ့ health problems တွေကို လေ့လာသိရှိထားဖို့ လိုပါတယ်။ Nuclear power and nuclear weapons အကြောင်းနဲ့ ရေဒီယိုသတ္တိကြွပစ္စည်းများကြောင့် လူနှင့်ပတ်ဝန်းကျင်ထိခိုက်မှုများကိုလည်း လေ့လာထားဖို့လိုပါတယ်။ စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာထုတ်ကုန်များ၊ စိုက်ပျိုးရေးသုံးဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုခြင်းများကိုလည်း လေ့လာထားစေလိုပါတယ်။ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သည်များကို လျှော့ချမှု၊ ကုစားမှု နည်းလမ်းကောင်းများကိုလည်း ယနေ့ခေတ်သုတေသနပြု ဆောင်ရွက်လျက်ရှိပါတယ်။

**အခန်း (၈)** ကတော့ **Organic Compounds and Macromolecules** ဖြစ်ပါတယ်။ ဒီအခန်းမှာ organic compounds တွေဖြစ်တဲ့ ethers, aldehydes, ketones, carboxylic acids, esters, amines နဲ့ amides တွေရဲ့ အမည်ပေးစနစ် (nomenclature) နဲ့ preparations, properties and uses တို့ကို သေချာစွာ လေ့လာသိရှိထားရမှာဖြစ်ပါတယ်။ Ethanol မှ အစပြု၍ organic reactions အားလုံးအတွက် အနှစ်ချုပ်ကို ဖော်ပြပေးထားပါတယ်။




ဆက်လက်ပြီး organic compounds တွေရဲ့ functional groups တွေကို chemical test နဲ့ ခွဲခြားတဲ့ reactions များကို ဇယားနဲ့ ဖော်ပြပေးထားပါတယ်။ Functional groups ကို ခွဲခြားဆုံးဖြတ်နိုင်တဲ့ chemical test equations တွေကို ရေးသားတတ်ဖို့ လိုပါတယ်။ ဥပမာအနေနဲ့ aldehyde နဲ့ ketone တို့ကို ခွဲခြားစမ်းသပ်နိုင်တဲ့ equations များကို ဖော်ပြပေးထားပါတယ်။

Organic compounds တွေရဲ့ functional groups တွေကို ခွဲခြားနိုင်တဲ့ spectroscopic method ကို လေ့လာဖို့အတွက် ပထမဦးစွာ electromagnetic radiation ကို လေ့လာသိရှိထားရမှာဖြစ်ပါတယ်။ Electromagnetic radiation ရဲ့ wavelength, frequency တို့နဲ့ energy ဆက်သွယ်ချက်ကိုလည်း သိရှိနားလည်ဖို့ လိုအပ်ပါတယ်။ Organic compounds တွေရဲ့ functional groups ကို spectroscopic techniques အမျိုးမျိုးနဲ့ ရှာဖွေနိုင်ပါတယ်။ အဲဒီထဲက infrared spectroscopy ကို လေ့လာရမှာဖြစ်ပါတယ်။ ဆက်လက်ပြီး IR spectroscopy ရဲ့ principle ကို နားလည်သိရှိဖို့ လိုအပ်ပါတယ်။ Molecules နဲ့ IR radiation တို့ interaction ဖြစ်တဲ့အခါ molecules က IR radiation ရဲ့ energy ကိုစုပ်ယူပြီး molecular vibration ဖြစ်ပေါ်စေပါတယ်။ ဖြစ်ပေါ်လာတဲ့ vibrational frequency က atom နှစ်ခုကြားမှာရှိတဲ့ bond strength နဲ့ masses အပေါ်မူတည်ပြီး ပြောင်းလဲနေပါတယ်။ စုပ်ယူလိုက်တဲ့ frequency က molecule မှာရှိတဲ့ ဓာတ်စည်း သို့မဟုတ် groups တွေပေါ်မူတည်ပြီး ဖြစ်ပေါ်တဲ့အတွက် frequency တန်ဖိုးကိုသိရင် functional groups တွေကို ရှာဖွေနိုင်မှာဖြစ်ပါတယ်။

Molecules တွေရဲ့ IR active နဲ့ IR inactive ကိုလည်း နားလည်ရမှာဖြစ်ပါတယ်။ Molecules တွေ dipole moment changes ရှိမှသာ IR active ဖြစ်ပြီး dipole moment changes မရှိခဲ့ရင်တော့ IR inactive ဖြစ်ပါတယ်။ ဥပမာ N2 molecule ဟာ dipole moment changes မရှိတဲ့အတွက် IR inactive ဖြစ်ပါတယ်။ CO molecule ကတော့ dipole moment changes ရှိတဲ့အတွက် IR active ဖြစ်ပါတယ်။

Propanone ရဲ့ IR spectrum ကို လေ့လာတဲ့အခါ C–H နဲ့ C=O တို့ရဲ့ absorption band တွေကို 2980 $cm^{-1}$ နဲ့ 1700 $cm^{-1}$ တို့မှာ တွေ့ရှိနိုင်ပါတယ်။ IR spectrum တွေကို လေ့လာရာမှာ ယခုဖော်ပြထားတဲ့ characteristic absorption band နဲ့ band intensity ကို အောက်ဖော်ပြပါဇယားမှာ လေ့လာသိရှိနိုင်ပါတယ်။

**Table 10 Some Characteristic Infrared Absorption Bands and their Intensities**

| Classes of compounds | Bond | Wavenumber ($cm^{-1}$) | Band intensity |
|---|---|---|---|
| alcohols, ethers, esters, carboxylic acids | C–O | 1050–1410 | strong |
| alkenes, aromatic compounds | C=C | 1620–1680 | medium, weak |
| amides, ketones, aldehydes, esters, carboxylic acids | C=O | 1650–1750 | strong, sharp |
| alkynes | C≡C | 2100–2260 | medium, weak |
| carboxylic acids | O–H | 2500–3300 | strong, very broad |
| aldehydes | C–H | 2720–2820 | medium, weak |
| alkanes, alkenes | C–H | 2850–3090 | strong |
| alcohols | O–H | 3200–3600 | strong |
| amines, amides | N–H | 3300–3500 | weak, median |

ဥပမာအားဖြင့် ethanol, ethanoic acid, ethanamine တို့ရဲ့ infrared spectra တွေကို လေ့လာမယ်ဆိုရင် 3400 $cm^{-1}$, 2950 $cm^{-1}$ တို့မှာ OH နဲ့ CH stretching vibration ကို တွေ့နိုင်ပါတယ်။ 3200 $cm^{-1}$ မှာ acid OH stretching, 2950 $cm^{-1}$ မှာ CH stretching, 1700 $cm^{-1}$ မှာ C=O stretching တို့ကို တွေ့ရှိမှာဖြစ်ပါတယ်။ Ethanamine ရဲ့ IR spectrum မှာ 3400 $cm^{-1}$ မှာ NH stretching, 2900 $cm^{-1}$ မှာ CH stretching တို့ကိုတွေ့ရှိရမှာဖြစ်ပါတယ်။ OH, C=O ကဲ့သို့ bond polarity မြင့်လျှင် absorption band ရဲ့ intensity လည်း များမှာဖြစ်ပါတယ်။ Hydrogen bond ဖြစ်ပေါ်မှုကြောင့် bond polarity များပြီး absorption band ရဲ့ intensity လည်း မြင့်လာတယ်။ Peak ကလည်း broad ဖြစ်မှာဖြစ်ပါတယ်။

Macromolecules မှာတော့ natural and synthetic polymers တွေရဲ့ examples တွေကို သိရှိရမှာဖြစ်ပါတယ်။ Monomers များ ပေါင်းစပ်ပြီး polymerisation ဖြစ်ပေါ်လာပုံကိုလည်း ဖော်ပြပေးထားပါတယ်။ Polymerisation process မှာ addition polymerisation process ကို သိရှိနားလည်ရမှာ ဖြစ်ပါတယ်။ Addition polymers တွေရဲ့ ဂုဏ်သတ္တိများနှင့် အသုံးဝင်မှုတွေကိုလည်း သိရှိထားရမှာဖြစ်ပါတယ်။ Condensation polymerisation မှာ monomers တွေက အမျိုးမတူတဲ့ functional groups နှစ်မျိုးပါဝင်ပြီး polymerisation ဖြစ်ပြီးတဲ့အခါ repeated linkage ကိုလည်း သိရှိနားလည်ရမှာဖြစ်ပါတယ်။ အသုံးဝင်ပုံနှင့် ဂုဏ်သတ္တိများကိုလည်း မှတ်သားသိရှိရမှာ ဖြစ်ပါတယ်။

Plastics and environment မှာတော့ ပလတ်စတစ်အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ပြဿနာများ၊ ၎င်းတို့ကို လျော့ကျစေဖို့အတွက် recycling plastics နဲ့ degradable plastics တို့ကို ထုတ်လုပ်သုံးစွဲပြီး ပလတ်စတစ်ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချဖြေရှင်းနိုင်မည့်နည်းလမ်းများကို သိရှိထားဖို့ လိုအပ်ပါတယ်။ Recycling symbols များကို နားလည်သိရှိဖို့လိုပါတယ်။ Chapter တိုင်းမှာ ပေးထားတဲ့ review questions များ၊ exercises များနှင့် problems များကိုလည်း သေသေချာချာ လေ့လာထားဖို့ လိုအပ်ပါတယ်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒမေးခွန်း ပုံစံမှာ Section A နဲ့ Section B ဆိုပြီး အပိုင်း နှစ်ပိုင်း ပါဝင်မှာဖြစ်ပါတယ်။ Section A မှာ Objective types တွေဖြစ်တဲ့ TRUE/ FALSE, Fill in the blanks, Matching နဲ့ Multiple choice questions (MCQs)တို့ရှိတဲ့ထဲက ယခုနှစ်မှာ TRUE/ FALSE, Fill in the blanks နဲ့ Multiple choice questions (MCQs)တို့ကို နံပါတ် ၁ ကနေ နံပါတ် ၃ အထိ တစ်မှတ်တန်မေးခွန်း ၁၀ ပုဒ်စီ မေးထားပါမယ်။ စုစုပေါင်း ၃၀ မှတ်ဖိုး ဖြေဆိုရပါမယ်။ ကျောင်းသား ကျောင်းသူများရဲ့ ဓာတုဗေဒဘာသာရပ်ကို မည်မျှကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာထားတာကို စိစစ်တဲ့မေးခွန်းများဖြစ်ပြီး အခန်းအားလုံးနှင့်သက်ဆိုင်တဲ့ မေးခွန်းများဖြစ်ပါတယ်။

Section A မေးခွန်း နံပါတ် ၁ က **TRUE /FALSE** (မှန်/မှား) ရွေးချယ်စေတဲ့မေးခွန်းမှာ T သို့မဟုတ် F လို့ မရေးဘဲ TRUE သို့မဟုတ် FALSE လို့ အပြည့်အစုံရေးမှသာ အမှတ်ရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၂ **Fill in the blanks** ဖြေဆိုရာမှာ မေးခွန်းပြန်ကူးစရာမလိုဘဲ ကွက်လပ်တွင် ဖြည့်ရမည့်အဖြေမှန်ကိုသာ မှန်ကန်စွာ ရေးသားဖြေဆိုရမှာ ဖြစ်ပါတယ်။ စာလုံးပေါင်းမှန်ရမည့်အပြင် အဖြေပြည့်စုံရပါမယ်။ မေးခွန်းနံပါတ် ၃ **Multiple choice questions** (MCQs) တွင် ဖော်ပြချက် လေးခုမှ **အဖြေမှန်တစ်ခု**သာလျှင် ရွေးချယ်ရမှာ ဖြစ်ပါတယ်။ အဖြေမှန်တစ်ခုရွေးချယ်ရာတွင် ပေးထားသော**အက္ခရာ A, B, C, D** မှ **အဖြေမှန်တစ်ခု**သာလျှင် ရွေးချယ်ရေးပေးရန် ဖြစ်ပါတယ်။ မေးခွန်းစာသားကို ပြန်ကူးရေးရန်မလိုပါ။ အဖြေမှန်တစ်ခုထက် ပိုရေးမိလျှင် အမှတ်မရနိုင်ပါ။

Section B မေးခွန်း နံပါတ် ၄ မှာ ငါးမှတ်တန် **Short and medium questions** ပုဒ်ခွဲ ငါးပုဒ်ပါဝင်မှာ ဖြစ်ပါတယ်။ ပုဒ်ခွဲ ငါးပုဒ်စလုံးကို ဖြေဆိုရမှာဖြစ်ပါတယ်။ ငါးပုဒ်ထဲက **environmental** အခန်းကို ပုဒ်ခွဲ တစ်ခုမှာ **OR** ခံမေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ၃၀ မှတ်ဖိုးထဲမှ ၂၅ မှတ်ဖိုးဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်း နံပါတ် ၅၊ ၆၊ ၇ မှာ ငါးမှတ်တန် **Structured, short and long questions** သုံးပုဒ်စီမေးမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၅ မှာတော့ **physical chemistry** အပိုင်းကို **OR** ခံမေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်ပါတယ်။ မေးခွန်း နံပါတ် ၆ ၏ ပုဒ်ခွဲတစ်ပုဒ်မှာ **organic chemistry** အပိုင်းကို **OR** ခံ မေးမှာဖြစ်ပါတယ်။ အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုး ဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်း နံပါတ် ၇ ပုဒ်ခွဲတစ်ခုသည် **inorganic chemistry** အပိုင်းကို **OR** ခံ မေးထားခြင်းဖြစ်ပါတယ်။ အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်ပါတယ်။ ဒါကြောင့် Section B မှာ စုစုပေါင်း အမှတ် ၉၀ ဖိုး မှ အမှတ် ၇၀ ဖိုး ဖြေဆိုရမှာဖြစ်ပါတယ်။ Section A နှင့် Section B မှာ မေးတဲ့ မေးခွန်း အားလုံးဟာ အခန်းတိုင်းနဲ့ သက်ဆိုင်တာဖြစ်လို့ အခန်း ရှစ်ခန်းလုံးကို သေသေချာချာ ဖတ်ရှုလေ့လာထားရမှာဖြစ်ပါတယ်။

အခု Chapter တစ်ခုချင်းအလိုက် လေ့လာမှတ်သားရမယ့် အကြောင်းအရာတွေနဲ့ သတိပြုရမယ့် အချက်တွေကို အသေးစိတ်ဆွေးနွေးပြီးဖြစ်တဲ့အတွက် တပည့်တို့အနေနဲ့ ဘယ်လိုလေ့လာမှတ်သားသင့်တယ်ဆိုတာ သဘောပေါက်ပြီ ထင်ပါတယ်။ ဒါကြောင့် Chapter တစ်ခုချင်း အသေးစိတ်သေချာစွာလေ့လာဖို့၊ ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်ဖို့ လိုအပ်တဲ့အပြင် ဖတ်စာအုပ်မှာပါတဲ့ပုစ္ဆာတွေ၊ မေးခွန်းတွေကိုပါ လေ့ကျင့်ထားဖို့ လိုပါတယ်။ ထပ်မံသတိပေးလိုတာကတော့ ပုစ္ဆာတွက်တဲ့အခါ လိုအပ်တဲ့နေရာတွေမှာ unit များထည့်ဖို့၊ ပုံသေနည်းများကို ပြည့်စုံအောင်ရေးဖို့၊ သက်ဆိုင်ရာမေးခွန်းနံပါတ်ကို ဖြေဆိုရာမှာ မှန်ကန်စွာ ဖော်ပြရေးသားဖို့ သတိပြုရပါမယ်။ အမှတ်များများလိုချင်ရင် ယခုနှစ်အတွက် ပြဋ္ဌာန်းထားတဲ့ အခန်းရှစ်ခန်းလုံးကို စေ့စပ်သေချာစွာ သိထားဖို့လိုပါတယ်။ ဆရာ ဆရာမများရဲ့ သင်ကြားပြသမှုနဲ့ မိမိတို့ရဲ့ ကြိုးစားအားထုတ်မှုတွေကို ပေါင်းစပ်ပြီး အခုဆွေးနွေးပေးလိုက်တဲ့ ဆွေးနွေးချက်အတိုင်း လေ့ကျင့်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီ ၂၀၂၅ ခုနှစ် မတ်လမှာ ကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို အခက်အခဲမရှိ ကောင်းမွန်မှန်ကန်စွာ ဖြေဆိုနိုင်ပြီး အမှတ်များများနဲ့ အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီမှာပဲရပ်နားလိုက်ပါမယ်။

**❋ လာဇီယိုအသင်းမှ**

နှစ်ဂိုး–ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အင်တာမီလန်အသင်းအတွက်သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၃၉ မိနစ်မှာ အနေ့ာတိုဗစ်က တစ်ဂိုး၊ ဒုတိယပိုင်းပွဲကစားချိန် ၇၇ မိနစ်မှာ ကာဟာနော့ဂ်လုက ပင်နယ်တီကနေတစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ လာဇီယိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ်အဆင့်မှာ မြို့ခံပြိုင်ဘက် အေစီမီလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အဲဒီမီလန်ဒါဘီပွဲစဉ်ကိုတော့ ဧပြီလထဲမှာ ကျင်းပမှာဖြစ်ပါတယ်။

လက်ရှိ ကိုပါအီတာလီယာဖလား ချန်ပီယံဂျူဗင်တပ် အသင်းကတော့ ဖေဖော်ဝါရီ ၂၇ ရက်နံနက်ပိုင်းမှာ ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် အမ်ပိုလီအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ ကိုပါအီတာလီယာဖလားပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိထားတဲ့အပြင် အီတာလီစီးရီးအေ ပြိုင်ပွဲမှာလည်း ပွဲစဉ် ၂၆ ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၅၇ မှတ်နဲ့ အမှတ်ပေးဇယားဒုတိယနေရာက နာပိုလီအသင်းကို တစ်မှတ်ဖြတ်ကာ ဇယားထိပ်မှာ ဦးဆောင်နေတာဖြစ်ပါတယ်။

ငွေကြေးယ်






တော်ဝိ-ပိန်းဇလုပ် အစုန်လမ်းပိုင်းအား ပြန်လည်ပြုပြင်ပြီးရထားများ ဖြတ်သန်းနေမှုကိုတွေ့ရစဉ်။

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် ပိန်းဇလုပ်ဘူတာအကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ယမန်နေ့ည ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးဘူတာနှင့်ပိန်းဇလုပ်ဘူတာအကြား၊ မိုင်တိုင်အမှတ် ၁၀၇/၁၀-၉ နေရာရှိ အစုန်ရထားလမ်းပေါ်တွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲခဲ့သဖြင့် ရထားလမ်း ထိခိုက်ပျက်စီးခဲ့ပြီး ကျောက်တံခါးနှင့် ပိန်းဇလုပ် ရထားလမ်းပိုင်းအား နံနက် ၉ နာရီတွင် ယာယီပိတ်ထားကြောင်း သိရသည်။





ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် ပိန်းဇလုပ်ဘူတာအကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် ပျက်စီးမှုကိုတွေ့ရစဉ်။

**ကွန်ကရစ်ဇလီဖား ၁၀ တုံးပျက်စီးခဲ့**

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ မိုင်းခွဲခံရမှုကြောင့် အစုန်လမ်းရှိ အရှေ့ဘက်သံလမ်း နှစ်ပေခန့်နှင့် ၁၀ ပေအကွာတွင် အနောက်ဘက်သံလမ်း နှစ်ပေခန့် နှစ်နေရာပြတ်တောက်၍ ကွန်ကရစ်ဇလီဖား ၁၀ တုံး ပျက်စီးခဲ့ကြောင်း သိရှိရသည်။

မြန်မာ့မီးရထား ဝန်ထမ်းများအနေဖြင့် လမ်းပိုင်းအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေးဆောင်ရွက်ခဲ့ပြီး အစုန်လမ်း၏ ပြတ်တောက်သွားသော သံလမ်းနှစ်ချောင်းအား လဲလှယ်ခြင်း၊ လမ်းပြုပြင်ခြင်းများကို မွန်းလွဲ ၁၁ နာရီ မိနစ် ၂၀ မှ စတင်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၃ နာရီခွဲတွင် အစုန်ရထားလမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်၍ ရထားများ ပုံမှန်အတိုင်း ပြေးဆွဲပေးလျက်ရှိသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် အမှတ်(၉၀၂-A) အစုန်ကုန်ရထားသည် ပဲနွယ်ကုန်းဘူတာသို့ ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၆ နာရီ ၁၀ မိနစ်ခန့် တွင်လည်းကောင်း၊ အမှတ်(၉၀၂-B)အစုန်ကုန်ရထားသည် ကညွတ်ကွင်းဘူတာသို့ ညနေ ၆ နာရီ မိနစ် ၂၀ ခန့်တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၆ ရက် အမှတ်(၉၂၃-B)အဆန်ကုန်ရထားသည် ပြွန်တန်ဆာဘူတာသို့ နံနက် ၇ နာရီ ၅ မိနစ်ခန့်တွင်လည်းကောင်း၊ အမှတ်(၉၁၃) အဆန်ကုန်ရထားသည် ပြွန်တန်ဆာဘူတာသို့ နံနက် ၇ နာရီ ၃၅ မိနစ်ခန့်တွင်လည်းကောင်း၊ အမှတ်(၉၁၄) အစုန်ကုန်ရထားသည် ဇေယျဝတီဘူတာသို့ နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင်လည်းကောင်း၊ အမှတ်(၁၁) အဆန်လူစီးရထားသည် ညောင်လေးပင်ဘူတာသို့ နံနက် ၈ နာရီ ၄၉ မိနစ်ခန့်တွင်လည်းကောင်း၊ အမှတ်(၁)အဆန်စာပို့ရထားသည် ပဲခူးဘူတာသို့ နံနက် ၁၀ နာရီခွဲခန့်တွင်လည်းကောင်း ရောက်ရှိရပ်တန့်ထားခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်း ကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရခြင်း အကြိမ် ၈၀၊ ရထားတံတား/သံလမ်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရခြင်း ၁၇၄ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ် ကျူးလွန်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြန်မာ့မီးရထား**





ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့်ပိန်းဇလုပ်ဘူတာအကြား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် ပျက်စီးသွားသည့် အစုန်ရထားလမ်းအား ပြန်လည်ပြုပြင်နေမှုကို တွေ့ရစဉ်။

# ဘုတ်ပြင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှု အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပြပွဲ AI Yangon 2025 ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် အရေးပါဆုံး ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပြပွဲတစ်ခုဖြစ်သည့် AI Yangon 2025 ကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၂ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းရှိ GMP Wholesale Mall ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

AI Yangon 2025 ပြပွဲတွင် ဉာဏ်ရည်တုနည်းပညာ (AI) ၏ အနာဂတ်ကို စူးစမ်းလေ့လာနိုင်မည်ဖြစ်ပြီး ကျောင်းသားများ၊ ပညာရှင်များ၊ စတင်လုပ်ကိုင်နေသော လုပ်ငန်းရှင်များ၊ သုတေသီများနှင့် နည်းပညာဝါသနာရှင်များအားလုံး အတူတကွ ပါဝင်နိုင်မည့် အခွင့်အလမ်းတစ်ခုဖြစ်ကာ စိတ်အားထက်သန်မှု၊ တီထွင်ဆန်းသစ်မှုနှင့် ကွန်ရက်ချိတ်ဆက်မှုများအတွက် အကောင်းဆုံးနေရာတစ်ခုဖြစ်ကြောင်း သိရသည်။

ပြပွဲသို့ လာရောက်သူများ အနေဖြင့် နောက်ဆုံးပေါ် AI နည်းပညာများကို သိရှိနိုင်မည်ဖြစ်ကာ လုပ်ဖော်ကိုင်ဖက်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်သွယ်ခြင်း၊ လက်တွေ့သင်ကြားမှုများမှတစ်ဆင့် အသိပညာရရှိခြင်း၊ မြန်မာနိုင်ငံ၏ AI နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို အတူတကွ ပါဝင်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် ပထမဆုံး ဉာဏ်ရည်တုနည်းပညာပြပွဲAI Yangon 2025တွင် ပညာရေးဆိုင်ရာသင်တန်းများ၊ မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းမှ ထင်ရှားသော AI ပညာရှင်များ၏ အတွေးအမြင်များကို နားထောင်နိုင်မည့် စေတနာ့ဝန်ထမ်း ဟောပြောပွဲများ၊လုပ်ငန်းခေါင်းဆောင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ ပညာရေးဆိုင်ရာသူများနှင့် ဆက်သွယ်နိုင်မည့် အခွင့်အလမ်းများ၊ မိုဘိုင်းဆိုင်များ၊ ကွန်ပျူတာဆိုင်များနှင့် နည်းပညာရောင်းချသူများထံမှ အထူးအခွင့်အရေးများကို ရယူနိုင်မည့်အရောင်းနှင့် ဝန်ဆောင်မှုများအပြင် ကောလိပ်များနှင့် တက္ကသိုလ်များမှ AI သုတေသနနှင့် ပညာရေးအစီအစဉ်များကို ပြသထားသည့် ပညာရေးမိတ်ဖက်များကိုလည်း မြင်တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ AI တီထွင်မှုကို ဦးဆောင်နိုင်ရန် လူငယ်များနှင့် စွန့်ဦးတီထွင်သူများကို အထောက်အပံ့ ရရှိစေမည်ဖြစ်ပြီး ပြခန်းပေါင်း ၅၀ကျော်က ခေတ်မီနည်းပညာများကိုပြသမည်ဖြစ်ကြောင်း MY ME MY MINE AGENCY မှ အမှုဆောင်အရာရှိ ဦးဟန်ဆက်၏ ပြောကြားချက်အရ သိရသည်။

**မျိုးမင်းသူရ**

☆ **ကျောဖုံးမှ**

မြန်မာ့လက်ရွေးစင်အသင်းသည် ဗိုလ်လုပွဲတွင် အိမ်ရှင်နီပေါအသင်းနှင့် ပြန်လည်ရင်ဆိုင်ခဲ့ရပြီး ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်နီပေါအသင်းသည် ကွင်းလုံးပြည့် ပရိသတ်ရှေ့မှောက်တွင် အနိုင်ရရန် ကြိုးပမ်းခဲ့သော်လည်း မြန်မာအမျိုးသမီးအသင်းသည် အကောင်းဆုံးရင်ဆိုင်ကာ အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ကစားရမည့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲ သုံးခုအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခု နီပေါလေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ ချန်ပီယံဆုရယူနိုင်ခဲ့သဖြင့် လာမည့်ပြိုင်ပွဲများတွင် ရလဒ်ကောင်းရယူနိုင်ရန် တွန်းအားတစ်ရပ်ဖြစ်စေခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၁၉ ခုနှစ်က အိန္ဒိယနိုင်ငံ၌ကျင်းပသည့် Hero Gold Cup ပြိုင်ပွဲတွင် ချန်ပီယံဆုရပြီးနောက် နိုင်ငံတကာဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲတစ်ခုတွင် ချန်ပီယံဆု ပြန်လည်ရယူနိုင်ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် မျိုးမြမြငြိမ်း (ဂိုး)၊ ဇွန်ယုယဦး၊ ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ၊ ရူပါခိုင်၊ လင်းလဲ့ဦး၊ ခင်မိုမိုထွန်း၊ ခင်မျိုးသန္တာထွန်း၊ စန်းသော်သော်၊ ယွန်းဝတီလှိုင်၊ ဝင်းသိင်္ဂီထွန်း တို့ဖြင့် ပွဲထွက်လာသည်။ အိမ်ရှင်နီပေါအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ရာ မြန်မာအသင်းအနေဖြင့် ခံစစ်အမှားမရှိစေရန် အာရုံစိုက်ကစားခဲ့ရပြီး မိနစ် ၂၀ နောက်ပိုင်းမှ အပြန်အလှန်ကစားနိုင်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးရနိုင်သည့်အခွင့်အရေးများရသော်လည်း အသုံးမချနိုင်သဖြင့် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ပိုမိုဖိကစားလာနိုင်ပြီး ၆၂ မိနစ်တွင် ရူပါခိုင်၊ ၆၅ မိနစ်တွင် ဝင်းသိင်္ဂီထွန်းတို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။

နီပေါ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၆ ရက်အထိ အိမ်ရှင်နီပေါ၊ မြန်မာ၊ လက်ဘနွန်၊ ကာဂျစ္စတန်အသင်းတို့ဖြင့် ကျင်းပခဲ့ပြီး လေးသင်းပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အုပ်စုပွဲများတွင် လက်ဘနွန်အသင်းကို သုံးဂိုး-တစ်ဂိုး၊ ကာဂျစ္စတန်အသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရပြီး နီပေါအသင်းနှင့် နှစ်ဂိုးစီသရေကျခဲ့သည်။ အမှတ်အများဆုံးနှစ်သင်းဖြစ်သည့် မြန်မာအသင်းနှင့် နီပေါအသင်းတို့ ဗိုလ်လုပွဲ ပြန်လည်ကစားရာ မြန်မာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**


## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၅ ခုနှစ်၊ မတ်လ (၂)ရက်နေ့တွင် ရောက်ရှိမည့် **"တောင်သူလယ်သမားနေ့"**ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၂၈-၂-၂၀၂၅)ရက် (သောကြာနေ့)ညတွင် တောင်သူလယ်သမားနေ့ဆိုင်ရာ ကျေးလက်ဒေသရိုးရာဓလေ့များနှင့် စားရေရိက္ခာထုတ်လုပ်ရေးဆိုင်ရာ တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **"စိမ်းလဲ့ကန်သာ"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၂၈-၂-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"စိမ်းလဲ့ကန်သာ" တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်
တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ပန်းကောက်တေး | ဌာနအဆိုရှင် |
| ၂။ | ငါးမည်ရပြည်ရွှေဘို | ဌာနအဆိုရှင် |
| ၃။ | နွေဦးပုံပြင် | ပြင်ပအဆိုရှင် |
| ၄။ | စိမ်းလဲ့ကန်သာ | ပြင်ပအဆိုရှင် |
| ၅။ | ရွာသာယာ | ပြင်ပအဆိုရှင် |
| ၆။ | အညာချစ်သူတမာချစ်သူ | ပြင်ပအဆိုရှင် |
| ၇။ | ချစ်တောသူလုံမလေး | ပြင်ပအဆိုရှင် |
| ၈။ | ကျွန်မတို့ရွာကလေး | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၉။ | ကျေးလက်ဓလေ့ | ပြင်ပအဆိုရှင် |
| ၁၀။ | မွေးရပ်မြေသို့လွမ်းစာစီ | ပြင်ပအဆိုရှင် |

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ (၁၁၉)လမ်း၊ အမှတ်(၂၈)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်အနက်မှ (၈)လွှာတိုက်ကိုမျက်နှာမူလျှင် (ဝဲဘက်အခြမ်း) အကျယ်အဝန်း (၁၅ x ၄၀)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို **ဦးဖုန်းမြင့်အောင် [၁၂/မဂတ(နိုင်)၁၀၀၆၄၇]** မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ **ဒေါ်ချိုချို[၁၂/မဂတ(နိုင်)၀၇၇၂၀၅]**က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မာမာသိန်း (LL.B)** (စဉ်-၈၇၉၂)
**ဒေါ်နီနီဝင်း (LL.B)** (စဉ်-၅၁၇၁၈)
**ဒေါ်နှင်းဝေလှိုင် (LL.B)** (စဉ်-၅၄၃၀၅)
**ဦးထွန်းသူအောင် (LL.B)** (စဉ်-၅၅၇၆၄)
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေများ**
**အမှတ်(၂၇၅)၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရှိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ ၅၀၆၄၉၅၉၊ ၀၉ ၅၀၈၈၆၀၅**

## ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်း လျှပ်စစ်မီးများကို လျှော့သုံးပါ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-င၊မြေကွက်အမှတ်-၈၂၈၊(၂၄၀၀)စ/ပေ၊မြေကွက်တည်နေရာအမှတ်(၈၂၈)၊နှယ်နီ(၁၅)လမ်း၊(င)ရပ်ကွက်၊ဦးချစ်လွင်(CF-၁၀၅၉၅၁)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်-ဦးချစ်လွင်(ဖခင်)သည်(၂၅-၆-၂၀၁၀)ရက်နေ့တွင်လည်းကောင်း၊ဒေါ်ခင်ရီ(မိခင်)သည်(၁၆-၉-၁၉၉၀)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့်ဒေါ်စန်းစန်းနွယ်(၁၂/ဥကမ(နိုင်)၁၀၁၁၅၀)မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့်တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း မိမိမှလွဲ၍အခြားသောအမွေဆက်ခံမည့်သူတစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်းကျမ်းကိုန်လွှာအမှတ်-၂၄၁၉/၂၀၂၄/၁၆-၁၂-၂၀၂၄၊ထောက်ခံကျမ်းကိုန်(၂)စောင်၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်ဂရန်မူရင်းတို့တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## "အများသိစေရန်ကြော်ငြာခြင်း"

ကျွန်ုပ်၏မိတ်ဆွေ ဦးဝင့်သူ[၁၂/လမန(နိုင်)၁၄၂၆၆၄]သည် မိခင် ဒေါ်လှရီ၏သားအရင်း၊ ဒေါ်မြရည်ဝင်း၊ ဒေါ်အေးသူဇာတို့၏ မောင်ဖြစ်၍ မိသားစုဝင်များဖြစ်ကြပါသည်။ အဆိုပါမိခင် ဒေါ်လှရီ [၁၂/လမတ(နိုင်)၀၁၉၃၀၃]၊ ဒေါ်မြရည်ဝင်း [၁၂/လမန(နိုင်)၁၃၈၅၆၀]၊ ဒေါ်အေးသူဇာ [၁၂/လမန(နိုင်)၁၄၂၆၀၀]တို့သည် ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာ၊ ထိခိုက်နစ်နာဆုံးရှုံးစေရန် ရည်ရွယ်၍ အပြုအမူလုပ်ဆောင်ချက်များ ဆောင်ရွက်ခဲ့သည့်အတွက်ကြောင့် မိသားစုဝင်အဖြစ်မှ နုတ်ထွက်ပြီး မိခင်အဖြစ်မှသော်လည်းကောင်း၊ မောင်နှမများအဖြစ်မှသော်လည်းကောင်း အပြီးတိုင် စွန့်လွှတ်ပါကြောင်း လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင့်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးသန်းထိုက်အောင်(LL.B)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၆၃)**
**ဦးကျော်ဇင်လတ်(LL.B)** **အထက်တန်းရှေ့နေ(စဉ်-၅၃၃၄၈)**
**အမှတ်(၂၁၃)၊ ၃၆-လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-403159599, 09-75565785**

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ကြီးပွားရေးအိမ်ရာ၊ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနရှိ စုပေါင်းပိုင်အဆောက်အအုံစီမံကိန်းရှိ (၄)ခန်းတွဲ (၄)ထပ်တိုက်အဆောက်အဦမှ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၃၄)၊ တတိယထပ်၊ ကြမ်းခင်းအကျယ်အဝန်း (၁၀၇၀)စတုရန်းပေရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အခိုင်အမာ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မြတ်သက်နွယ် [၅/စကန(နိုင်)၁၅၆၁၁၈]အား အပြီးအပိုင်ရောင်းချလိုကြောင်းကို ဦးကိုကိုလေး [၁၁/သတန(နိုင်)၀၆၀၂၆၂]မှ ကမ်းလှမ်းအဆိုပြုလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန် သဘောတူ၍ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်သော တိုက်ခန်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယခုသတင်းစာပါရှိသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောသက်သေအထောက်အထားမူရင်းများနှင့် တကွ ဥပဒေနှင့်အညီ ကျွန်ုပ်ထံဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ဆက်လက်၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်သက်နွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန်းသန်းနွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၄၂၅)**
**အမှတ်(၄၅၆)၊ ဗိုလ်ချိုန်(၅)လမ်း၊ (၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၄၂၀၆၀၄၁၁**

## "ပြင်ဆင်ဖတ်ရှုပါရန်"

တရားလွှတ်တော်ရှေ့နေ ဒေါ်ယဉ်နှင်းဝေမှ ကြေညာခဲ့သော ၁၉–၂–၂၀၂၅ ရက်စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ– ၂၉ ပါ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် မင်္ဂလာဒုံမြို့နယ်အစား မှော်ဘီမြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်နှင်းဝေ (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၉၂၇၄)**
**အမှတ်(၉၃)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉–၉၆၃၆၄၄၅၁၇**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်– ၄/မြောက်၊ လူနေရပ်ကွက်အမှတ်– ၄/မြောက်၊ မြေကွက်အမှတ်–(၂၉၁/က)၊ မြေကွက်လိပ်စာအမှတ်–(၂၉၁/က)၊ မြို့မ(၁၁)လမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်ဟု ခေါ်တွင်သော ဒေါ်လဲ့လဲ့မွန် [၁၂/သကတ(နိုင်)၁၆၃၂၃၁] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေ အမျိုးအစား၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အပိုင်ရောင်းချသူ ဒေါ်လဲ့လဲ့မွန်[၁၂/သကတ(နိုင်)၁၆၃၂၃၁]မှ ၎င်းအမည်ပေါက်ဖြင့် မှတ်သားတည်ရှိသော အိမ်၊ မြေကွက်ဖြစ်ကြောင်းနှင့် ယနေ့တိုင် ၎င်းသာလျှင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ဝန်ခံကတိပြုလျက် ကာလတန်ဖိုးနှင့်အညီ အပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးလှမြင့် [၁၂/သခန (ပြု)၀၀၃၃၃၂]မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောမူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှမြင့် ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နီလာဝင်း (LL.B) ဒေါ်ဂျာရိန်အောင်ဘူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၉၂၃) အထက်တန်းရှေ့နေ(စဉ်– ၅၅၅၆၀)**
**အမှတ်(၂၃၉)၊ (၃၆)လမ်းအထက်ဘလောက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09–778 434 507,09–794 077 590**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ကန်သာယာလမ်း၊ အဆောက်အဦအမှတ်– ၃၆၅ ဟုခေါ်တွင်သော မြေရှင် ဦးညွန့်ဝင်း၊ ဦးအောင်စိုးနိုင်နှင့် ဒေါ်ခိုင်ထားမွန်တို့ အမည်ပေါက်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ၊ (၆)ထပ်တိုက်အဆောက်အဦ၏ မြေညီထပ်(B–1)၊ အကျယ်အဝန်း (၁၂ပေ x ၄၈ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အပိုင်ရောင်းချသူ ကန်ထရိုက်တာ ဦးကိုကိုဝေ [၁၂/မရက(နိုင်)၁၄၂၅၂၃]မှ (၂၄–၁၂–၂၀၂၄)နေ့စွဲပါ (၂)ခန်းတွဲ (၆)ထပ် ကန်ထရိုက်နှင့် မြေရှင် အကျိုးတူတိုက်ဆောက်လုပ်ခြင်း နှစ်ဦးသဘောတူကတိစာချုပ်အရ ပေါ်ပေါက်လာသော ကန်ထရိုက်တာ တစ်ဦးခံစားခွင့်ရှိသည့် တိုက်ခန်းဖြစ်ကြောင်းနှင့် ယနေ့တိုင် ၎င်းသာလျှင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ဝန်ခံကတိပြုလျက် ကာလတန်ဖိုးနှင့်အညီ အပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဝင့်ဇော် [၁၂/ဗတထ(နိုင်)၀၄၂၀၅၂]မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောမူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းဝင့်ဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နီလာဝင်း (LL.B) ဒေါ်ဂျာရိန်အောင်ဘူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၉၂၃) အထက်တန်းရှေ့နေ(စဉ်– ၅၅၅၆၀)**
**အမှတ်(၂၃၉)၊ ပထမထပ်၊ (၃၆)လမ်းအထက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09–778434507, 09–794077590**

## ပျောက်ဆုံးကြောင်း

အေးသီတာ (ဘ) ဦးကြွယ်မောင် [၁၂/တမန(နိုင်)၁၀၅၇၆၄] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ် (A–361490) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၅၀၆၅၇၂၄၇**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (E.D.U) ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–8 တွင် ပညာသင်ကြားနေသော မောင်ဝေဖြိုးဇော်၏ဖခင် ဦးဇော်မြင့်(ခ)ဦးအောင်ဇော်မြင့် [၁၂/ထတပ(နိုင်)၀၆၆၈၂၅] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ မြေနီ (၇)လမ်း၊ အမှတ် (၇၂၂) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်– (၇/အနောက်)၊ မြေကွက်အမှတ် (၇၂၂)၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ (၀.၀၅၅)ဧက၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **ဦးအောင်မင်း (TKA –၀၂၂၂၂၁)** မှ အမည်ပေါက်ပိုင်ဆိုင်သည့် မြေကွက်ဖြစ်ပါသည်။ အမည်ပေါက်ထံမှ **ဒေါ်ဝင်းသစ်နွယ် [၁၄/မမန(နိုင်) ၁၅၄၆၀၄]**မှ အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးညီညီလွင် [၇/ကတခ (နိုင်) ၀၈၁၂၀၆]**က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးထွန်းသူအောင် (LL.B) အထက်တန်းရှေ့နေ (စဉ်–၅၅၇၆၄)**
**အမှတ်–၁၁၅၊ ပထမထပ်၊ (၃၃) လမ်း၊ (၁) ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၇၈၀၀၅၄၀၆၀**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ဘုရားစုကျေးရွာအုပ်စု၊ ဘုရားစုကျေးရွာနေ ဒေါ်စန္ဒာဝင်း (ဘ) ဦးမင်းအောင် [၉/ဝတန(နိုင်)၁၉၉၇၆၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာဝင်းနှင့် ဦးဇော်မင်းထွန်း [၉/ဝတန(နိုင်)၁၃၄၀၃၈]တို့သည် တရားဝင် အကြင်လင်မယားများဖြစ်ကြသည်ဟု သိရပါသည်။ ဦးဇော်မင်းထွန်းသည် ကျွန်ုပ်၏မိတ်ဆွေ ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များအားပြုလုပ်ခဲ့ပြီး နေအိမ်မှ ထွက်ခွာသွားခဲ့ကာ ကျွန်ုပ်၏မိတ်ဆွေအား အဆက်အသွယ်ပြုလုပ်ခြင်းမရှိကြောင်းသိရပါသည်။ သို့ဖြစ်၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာဝင်း၏မျက်ကွယ်၌ ဦးဇော်မင်းထွန်း၏ ပြုလုပ်သည့်ကိစ္စရပ်များသည် ၎င်းတစ်ဦးတည်း၏ သဘောဆန္ဒသာဖြစ်၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူနှင့် မသက်ဆိုင်ကြောင်း၊ ၎င်းနှင့်ပတ်သက်၍ မည်သည့် ကိစ္စရပ်ကိုမျှ ကျွန်ုပ်၏မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစိုးညွန့်သူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၀၀၆)**
**အမှတ်(၈၂)၊ ရွှေနံ့သာရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။**
**ဖုန်း–၀၉–၇၉၃၂၄၁၆၁၁**

## "ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၁၅၁)ရပ်ကွက်၊ အမှတ်(၁၃၈၄) ဟုခေါ်တွင်သော ဦးတင်အေး အမည်ပေါက် ပါမစ်မြေအမျိုးအစား ပေ(၄၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်အစပ်များဖြင့် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစန်းလင်းထွန်း [၁၂/ဒဂတ (နိုင်) ၀၃၈၇၅၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပြတ်ဝယ်ယူရန် ရောင်းဖိုးငွေအချို့ကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် နေ့မှ (၃)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**"လွှဲအပ်ညွှန်ကြားချက်အရ"**
**ဒေါ်လှလှသန်း[LL.B, WIPO(Switzerland)]**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၂၉၅)**
**အမှတ်– ၂၁၂၀/က၊ ဇေယျာဝတီ (၂)လမ်း၊ ၁၀/တောင် (၁၃)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၂၀၁၀၈၆၅၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ အင်္ဂပူလမ်း၊ အမှတ် (၁၉/A)ရှိ (၂)ခန်းတွဲ၊ (၇)ထပ်တိုက်မှ ၃–လွှာ(ဒုတိယထပ်) (ခေါင်းရင်းခန်း)၊ (၁၂ $\frac{1}{2}$' x ၅၀')ရှိတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်းမူ (၁၂/မရက (နိုင်) ၀၃၀၉၉၅) မှ (၂၃–၂–၂၀၂၅)ရက်စွဲပါ "နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ် စရံပေးကတိစာချုပ်" ဖြင့် ဒေါ်ခင်ခင်ဦး (၁၂/လသန (နိုင်) ၀၀၁၀၃၅)သို့ ရောင်းချသည့်အပေါ် (၂၅–၂–၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၇)တွင် အထက်တန်းရှေ့နေ ဒေါ်ခင်မာဆွေမှ "ကန့်ကွက်နိုင်ပါသည်" ကြော်ငြာထားရာ ယခုအခါ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်းမူမှ ဝယ်ယူထားသူ ဒေါ်ခင်ခင်ဦးထံသို့ စရံငွေများပြန်လည် ပေးအပ်ပြီးဖြစ်ပါ၍ (၂၃–၂–၂၀၂၅)ရက်စွဲပါ "နှစ်ဦးသဘောတူတိုက်ခန်း အရောင်းအဝယ်စရံပေးကတိစာချုပ်"မှာ ပျက်ပြယ်သွားပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ကြည်ကြည်ခိုင် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၄၇၉)
အမှတ် (၅၀)၊ ပ–ထပ်၊ အခန်း (B-6)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph : 09 421124352

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် (၇)ရပ်ကွက်၊ ဘိုကလေးဈေးလမ်း၊ ပထမထပ်၊ အမှတ်– ၃၁ နေ ကျွန်မ ဒေါ်ထက်ထက်ထွန်း [၁၂/ဗတထ(နိုင်)၀၄၆၂၁၃]၏ မိခင် ဒေါ်စန်းစန်းအေးနှင့် ဒေါ်ချိုချိုမှာ လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဥတ္တရာသီ တောကို မှီ၏

## "အများသိစေရန်ကြေညာခြင်း"

